
mgyoe.com



ဇန်းမော်တင်အောင်

# အနုစကြာဝဠာနှင့်မဟာစကြာဝဠာ

# ON MICRIO WORLD AND MEGA WORLD

ဒုတိယအကြိမ်

mgyoe.com



# ဗန်းမော်တင်အောင်

## အနုစကြာဝဠာနှင့်မဟာစကြာဝဠာ

ငါနဲ့ ကမ္ဘာလောကကြီးဟာ ဘယ်လို သက်ဆိုင်ပါလိမ့်။

သက်ဆိုင်တော့ သက်ဆိုင်တာမှ ဟုတ်ပါ၏လော။

ငါက သဘာဝတခု၊ ကမ္ဘာလောကကြီးက သဘာဝတခု ဖြစ်သလော။

လူ့သမိုင်း၏ အရုဏ်ကျင်းချိန်လောက်များမှ အစပြုကာ လူ့အနွယ်ဝင်များသည် မိမိတို့၏ အသက်ရှင် တည်တံ့ရေးနှင့် စည်ပင်တိုးတက်ရေးများ စသည်တို့အတွက် မိမိ၏ ကြမ္မာနှင့်အကြောင်းကိုရင်း၊ မိမိ မှီတင်း နေထိုင်ခြင်းပြုရသော ကမ္ဘာ လောကကြီး၏ ကြမ္မာနှင့် အကြောင်းကိုရင်း၊ မိမိနှင့် မိမိ၏အပ ဖြစ်သော ကမ္ဘာလောကကြီးတို့၏ အဆက်အစပ် အံပိုင်းအခြား စသည်တို့ကိုရင်း ကြောင့်ကြ ပူပန်စိတ်နှင့် စိုးရိမ် သိရှိလိုစိတ် စသည်တို့ဖြင့် မေးခွန်းပုစ္ဆာများ အဓတာ မသတ် ထုတ်ခဲ့ လုပ်ခဲ့ကြပြီ။ ထိုမေးခွန်းပုစ္ဆာများသည်လည်း ဤကမ္ဘာလောကကြီးတွင် လူ့အနွယ်ဝင်များ တည်တံ့နေသေးသမျှ ကာလပတ်လုံး ဆုံးစတိုင် နိုင်လိမ့်မည် မဟုတ်သော မေးခွန်းပုစ္ဆာများသာ ဖြစ်နေကြပေလိမ့်မည်။

mgyoe.com

bmt0005
2200.00 Ks

mgyoe.com

အနုစကြာဝဠာနှင့်မဟာစကြာဝဠာ၊ ဖန်းဟော်တင်အောင်
စာမျက်နှာ ၁၅၄ + မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၃ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၄ နိုဝင်ဘာလ လူငယ်စာပေထုတ် ပထမအကြိမ်မူ၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*


mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အနုစကြဝဠာနှင့် မဟာစကြဝဠာ

ဗန်းမော်တင်အောင်



mgyoe.com

ဒုတိယအကြိမ်၊ ၂၀၁၆

mgyoe.com



mgyoe.com

mgyoe.com

# မာတိကာ

(၁) လူနှင့် ၎င်း၏ ကမ္ဘာလောက ၁
(၁) ဆုံးစ မတိုင်နိုင်သော မေးခွန်းပုစ္ဆာ ၁
(၂) အမေး နွားကျောင်းသား၊ အဖြေ ဘုရားလောင်း ၄
(၃) အသိအလိမ္မာတရား၏ လမ်းဆုံလမ်းခွ ၇

(၂) လူနှင့် ၎င်း၏ အသိအလိမ္မာတရား ၁၃
(၁) အသိအလိမ္မာတရား၏ သော့ချက် ၁၃
(၂) လူသတ္တဝါ၏ ရှန်းကန်မှု ၁၆
(၃) ဘာသာစကားနှင့် ဦးနှောက် ၁၉
(၄) အတိုင်းအဆနှင့် အပိုင်းအခြားမရှိသော ဝတ္ထုနှစ်ခု ၂၀

(၃) လူနှင့် ၎င်း၏အသိအလိမ္မာတရား (၂) ၂၅
(၁) လူနှင့် ၎င်း၏ အဓိကပြဿနာ ၂၅
(၂) သတ္တဝါနှင့် ၎င်း၏ အသိသညာ ၂၈
(၃) အသိအလိမ္မာတရား၏ တိုးတက်ဖြစ်ပေါ်မှု၏အစဉ် ၃၀
(၄) လူ၏ အသိအလိမ္မာတရား ၃၃

(၄) စံတော်ဝင်ခေတ် သဘာဝအဘိဓမ္မာနှင့်သဘာဝသိပ္ပံ ၃၈
(၁) စံတော်ဝင်ခေတ် လူ့အစည်းအရုံးများ ၃၈

mgyoe.com

mgyoe.com

(၂) စံတော်ဝင်ခေတ် စကြဝဠာဗေဒ ၄၂
(၃) စံတော်ဝရ်ခေတ် လူ့အသိအလိမ္မာတရား ၄၄

(၅) စံတော်ဝင်ခေတ် ကမ္ဘာ့အမြင်နှစ်ရပ် ၄၈
(၁) မြစ်ဝါမြစ်ဝှမ်း၏လူးလွန့်လှုပ်ရှားမှု ၄၈
(၂) ဂင်္ဂါမြစ်ဝှမ်း၏ လှုပ်ရှားမှု ၅၁
(၃) စံတော်ဝင်ခေတ် ခေါမနှင့် ယောနကတိုင်း ၅၆
(၄) ခေါမသမိုင်း၏သူရဲကောင်းနှင့် ကျောင်းသခ်မ်းခေတ် ၅၉
(၅) စံတော်ဝင်ခေတ် ကမ္ဘာ့အမြင်နှစ်ရပ် ၆၅

(၆) မဇ္ဈိမခေတ်၏ အသိအလိမ္မာတရား ၆၉
(၁) စံတော်ဝင်နှင့် မဇ္ဈိမခေတ်များ ၆၉
(၂) စံတော်ဝင်နှင့် မဇ္ဈိမခေတ်များ၏ ကြားကာလ ၇၂
(၃) အာရပ်နှင့် ဥရောပ ၇၄
(၄) မဇ္ဈိမခေတ်နှင့် တရားသေဝါဒ ၇၆
(၅) မဇ္ဈိမခေတ်နှင့် အဏုမြူဗေဒ ၇၈
(၆) မဇ္ဈိမခေတ် အာရှလူ့အစည်းအရုံးများ ၈၃

(၇) ခေတ်သစ် စကြဝဠာဗေဒ၏နိဒါန်း ၈၆
(၁) ခေတ်သစ် ဗောဓိသတ္တများ ၈၆
(၂) ခေတ်သစ် စကြဝဠာဗေဒများ၏ နိဒါန်း ၈၇
(၃) ကိုပါးနီးကနှင့် ခေတ်သစ်စကြဝဠာဗေဒ ၈၉
(၄) ဘရာဟီးနှင့် ကက်ပလာ ၉၁
(၅) ဂယ်လီလီနှင့် နယူတန် ၉၃
(၆) နဂါးငွေ့တန်းစကြဝဠာ ၉၆

(၈) ခေတ်သစ် စကြဝဠာဗေဒ၏ နိဒါန်း (၂) ၁၀၁
(၁) ခေတ်သစ် အဏုမြူဝါဒသဘောတရား၏ နိဒါန်း ၁၀၁
(၂) မဟာဘုတ်လေးပါးနှင့် ဒြပ်စင်သဘောတရားသစ် ၁၀၅
(၃) မဟာဘုတ်လေးပါးမှ အဏုမြူဒြပ်စင်သို့ ၁၀၉
(၄) အခြေခံဒြပ်စင်၏ နိဒါန်း ၁၁၂

mgyoe.com

mgyoe.com


(၉) ၂၀ ရာစုနှင့် သမိုင်းရေးအလှည့်ပြောင်း ၁၁၅
(၁) ယောက်ျားတံခွန် ၁၁၅
(၂) လက်တွေ့နှင့် သဘောတရားတို့၏ ပဋိပက္ခ ၁၁၉
(၃) မက်(စ်)ပလန့်နှင့် အိန်စတိန်း ၁၂၁

(၁၀) ၂၀ ရာစု မဟာစကြဝဠာဗေဒ ၁၂၅
(၁) အလင်းနှစ် မိုင်ပေါင်း ၁၀၀,၀၀၀ ၁၂၅
(၂) စကြဝဠာ ၃–ပါး ၁၂၈
(၃) အသိအလိမ္မာတရား၏ မိုးကုတ်စက်ဝိုင်းကို လွန်၍ ၁၃၀
(၄) အချိန်နှင့်နေရာ ၁၃၂
(၅) စကြဝဠာ ပုံစံနှစ်မျိုး ၁၃၄

(၁၁) ၂၀ ရာစု အနုစကြဝဠာဗေဒ ၁၃၇
(၁) ရုပ်နှင့် ရုပ်လွန်ဓမ္မနှစ်ပါးတို့၏ ပဋိပက္ခ ၁၃၇
(၂) အနုစကြဝဠာ၏ နိဒါန်း ၁၃၈
(၃) ရူပဗေဒနှင့် အနုရူပဗေဒ ၁၄၀
(၄) အနုရူပဗေဒနှင့် အနုစကြဝဠာ ၁၄၁
(၅) အမယ်ဘုတ်၏သူ့ချည်ခင် ၁၄၄
(၆) ညှုကလိယစွမ်းအင် ၁၄၅
(၇) အဆုံးမထင်သာသော မိုးကုပ်စက်ဝိုင်း ၁၄၆

(၁၂) အနုစကြဝဠာနှင့် မဟာစကြဝဠာ ၁၅၀
(၁) စံတော်ဝင်ခေတ်မှ ၂၀ ရာစုသို့ ၁၅၀
(၂) ကျောက်တောင်ကို ဥမင်ဖောက်၍ မြစ်ပြင်တွင် တံတားဆောက်မည် ၁၅၂


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# (၁) လူနှင့် ၎င်း၏ကမ္ဘာလောက

The world's a bubble, and the life of man Less than a span.

Francis Bacon

I could be bounded in a untshell and count myself a king of infinite space,

W.Shakespear

(From Hamlet)

**၁။ ဆုံးစ မတိုင်နိုင်သော မေးခွန်းပုစ္ဆာ**

မိမိကိုယ်ကိုယ်လည်းကောင်း၊ မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီးကိုလည်းကောင်း၊ မိမိနှင့် မိမိမှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီးတို့၏ အဆက်အစပ်နှင့် အပိုင်းအခြား စသည်တို့ကိုလည်းကောင်း ကွဲကွဲပြားပြား ခြားခြားနားနား သိနားမလည်တတ်မိက လူသည် သဘာဝအရိုင်း၏ ပြုပြင်စီရင်သမျှနှင့် ပို့ဆောင်ဖန်တီးသမျှ ဇက်စင်းခံခဲ့ရသော သတ္တဝါမျှသာ ဖြစ်၏။ သူ့သဘောသူဆောင်လေ့ရှိသော သဘာဝအရိုင်းကြီး၏ အရိပ်အခြေကို မျက်ခြည်မပြတ်ကြည့်ကာ လိုက်လျောညီထွေ အသက်ရှင် နေထိုင်ခြင်းပြုရသော တိရစ္ဆာန်အမျိုးအစား သတ္တဝါမျှသာ ဖြစ်၏။ သဘာဝတ္တပညာရှင်ဒါဝင်၏အဆိုအရ သမိုင်းအရဏ်မသစ်မီက လူသားသည် သဘာဝအရိုင်း၏ အစစ်ဆေး အရွေးချယ်ခံဘဝ အခြေအနေတွင် ဖြစ်၏။ ထိုအချက်ကို ယခုအခါ အငြင်းပွားစရာ အကြောင်းမရှိတော့ ထင်၏။ ခေတ်သစ် မနုဿဗေဒပညာရှင်များက ထိုအကြောင်းကို ခိုင်ခံ့သော သက်သေသာဓကများဖြင့် ရေပက်မဝင်နိုင်အောင် ဖော်ထုတ်ထူထောင်ထားကြပြီဖြစ်သည် မဟုတ်လော။

mgyoe.com

mgyoe.com

သဘာဝအရိုင်း၏ လေးဖက်ထောက် သွားလာနေထိုင်ရန် စီရင်ဖန်တီးထားခဲ့သော ဘဝအခြေအနေမှ လူသည် ရှေးဦးစွာ ကုန်းကွ၍ ထ၏။ ထိုအမှုသည် သေးငယ်လွယ်ကူသော ကိစ္စမဟုတ်။ နှစ်သန်းပေါင်းများစွာ ရုန်းကန်ရသောအလုပ်ဖြစ်၏။ ထို့နောက် တစ်ဆင့်တက်ကာ လူသည် ကိုယ့်ခြေထောက်ပေါ်တွင် ကိုယ့်ဘာသာ ကိုယ်ရပ်၏။ မတ်တတ်ရပ်၍ သွားလာနေထိုင်ခြင်းပြု၏။ ထိုအမှုကိုလည်း သေးနုပ်ပေါ့ပါးသော ကိစ္စမဟုတ်။ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အားထုတ်ရသော အလုပ်ဖြစ်၏။ သို့ရာတွင် လူသည် ထိုမျှလောက်နှင့် ရပ်နေခဲ့သော သတ္တဝါမဟုတ်။ ဆက်လက်၍ သူ့ဟာသူ ကိုယ်စွမ်းကိုယ်စထုတ်ကာ သဘာဝအရိုင်း၏အစစ်ဆေး အရွေးချယ်ခံဘဝမှ ကုန်းရုန်း၍ထွက်၏။ အားမာန်ကြီးမားလှသော သဘာဝအရိုင်း၏ စီရင်ဖန်တီးမှုအောက်မှ ရုန်းထွက်ရသော အမှုသည် လွယ်ကူသော အလုပ်မဟုတ်။ များစွာ စွမ်းပကားထုတ်ရသော အလုပ်ဖြစ်၏။ နှစ်ကာလများစွာ ကြာညောင်း၏။ ယင်းသို့တိရစ္ဆာန်ဘဝအခြေမှ ကိုယ်၏လုပ်အားစွမ်းပကားဖြင့် ကုန်းရုန်း ထကြွကာ တဖြည်းဖြည်းခြင်း ကျွတ်လွတ်လာခဲ့သော အချိန်ကာလပိုင်းများလောက်မှ စတင်ကာ လူသည် မိမိကိုယ်ကိုလည်းကောင်း၊ မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီးကိုလည်းကောင်း၊ မိမိနှင့် မိမိမှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီးတို့၏ အဆက်အစပ်နှင့် အပိုင်းအခြား စသည်တို့ကိုလည်းကောင်း ဝိုးတဝါးတွေ့မြင်နားလည်စပြုလာ၏။ တစ်စထက်တစ်စ ရိပ်မိသိရှိစ ပြုလာ၏။

သူ့သဘော သူဆောင်လေ့ရှိသော သဘာဝအရိုင်း၏ ပြုပြင်ဖန်တီးသမျှနှင့် စီရင်ခန့်ခွဲသမျှကို အခြားအခြားသော သတ္တဝါများလို ဇက်စင်းခံမနေဘဲ ကုန်းရုန်းထကြွကာ တိုက်လှန်ရဲသောကြောင့်လည်းကောင်း၊ ကိုယ်စွမ်းကိုယ်စ ထုတ်နိုင်သောကြောင့်လည်းကောင်း လူသတ္တဝါ၏မူလအာရုံကြောစနစ်နှင့် ဦးနှောက်ဖွဲ့စည်းပုံ စနစ်တို့သည် ကြီးကြီးမားမား လှည့်ပြောင်းသွား၏။ လူသတ္တဝါ၏ အသိအလိမ္မာတရားသည် ပဋိသန္ဓေစိတ်ဆိုသော မွေးရာပါ အသိတရားအဆင့်အခြေမှ စဉ်းစားဆင်ခြင်သည့် အဆင့်အခြေသို့ ခုန်ပျံတက်လှမ်းလာခြင်း ဖြစ်၏။ လူသည် စဉ်းစားဆင်ခြင်တတ်ရုံမျှမက ဘာသာစကားကိုပင် ထူထောင်ကာ လူ့အစည်းအရုံးနှင့် ဆက်ဆံနေထိုင်တတ်သော သတ္တဝါအမျိုးအစားပါ ဖြစ်လာ၏။ ထိုအချက်ကိုလည်း အငြင်းပွားစရာအကြောင်း မရှိတော့ထင်၏။ အမေရိကန်အမျိုးသား သဘာဝတ္ထနှင့် ပုရဗေဒပညာရှင် မော်ဂင်က ထိုအကြောင်းကို ခိုင်ခံ့သော သက်သေသာဓကများဖြင့် ကောင်းစွာဖော်ထုတ် ထူထောင်ထားခဲ့ပြီး ဖြစ်၏။

ယင်းသို့ လူသတ္တဝါ၏ အသိအလိမ္မာတရားသည် မွေးရာပါ အသိအဆင့်အခြေမှ စဉ်းစားဆင်ခြင်တတ်သော အသိအဆင့်အခြေအနေသို့ လှည့်ပြောင်းလာခဲ့ပြီးသော အချိန်ကာလပိုင်းများလောက်မှ အစပြုကာ သူ၏ အသက်ရှင်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်းများအတွက် လူသည် မိမိ၏အကြောင်းနှင့် မိမိ၏ကြမ္မာ

mgyoe.com

mgyee.com
ကိုလည်းကောင်း၊ မိမိနှင့် မိမိမှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီးတို့၏ အဆက်အစပ်နှင့် အပိုင်းအခြား စသည်တို့ကိုလည်းကောင်း သိရှိနားလည်နိုင်ရေးနှင့် ချုပ်ကိုင်ဖန်တီးနိုင်ရေးများအတွက် သူ၏ အသိတရား၊ အလိမ္မာတရားများ ဖွံ့ဖြိုးရတတ်သလောက်ဖြင့် စဉ်းစားကြံဆခဲ့၏။ ကြံစည်အားထုတ်ခဲ့၏။ စူးစမ်းလေ့လာခဲ့၏။ ယင်းသို့ စူးစမ်းအားထုတ်မှုများသည် လူ့အနွယ်ကြီး၏ သက်တမ်းနှင့်အမျှ အိုမင်းဟောင်းနွမ်းလျက်ရှိသကဲ့သို့ နုပျို သစ်လွင်ဆဲဖြစ်သော အမှုကိစ္စလည်း ဖြစ်၏။ ဤကမ္ဘာလောကကြီးတွင် လူ့ပြဿနာသည် အိုမင်းနုပျိုလျက်သာ ရှိနေလိမ့်ဦးမည်ဖြစ်၏။ ဟောင်းမြင်းသည်နှင့်အမျှ သစ်လွင်လျက် ရှိနေလိမ့်ဦးမည့် ပြဿနာမျှသာ ဖြစ်၏။

ငါ ဘာကောင်ပါလိမ့်မလဲ။

ငါ အခု ဘယ်လိုကဘယ်လို ဖြစ်လာရတာပါလိမ့်မလဲ။

ငါနောင်ကော ဘာဖြစ်နိုင်ဦးမလဲ။

ဘဝတဏှာ၊ အတ္တတဏှာစိတ်များဖြင့် မိမိ၏အကြောင်းနှင့် မိမိ၏ကြမ္မာကို လူအဆက်ဆက်တို့သည် မမောနိုင်မပန်းနိုင် မေးမြန်းစုံစမ်းခဲ့ကြပြီ။ စဉ်းစားကြံဆခဲ့ကြပြီ။ ဖွေရှာလေ့လာခဲ့ကြပြီ။ ထိုအကြောင်းကို မျက်မှောက်ခေတ် လူဆက်များသည်လည်း ဖွဲ့လုံ့လကောင်းကောင်းဖြင့် တိုးချဲ့လေ့လာနေကြဆဲနှင့် သုတေသနပြုနေကြဆဲပင် ဖြစ်သည် မဟုတ်သလော။ နောင်မွေးဖွားလတ္တံ့သော လူသစ်များသည်လည်း ထိုအကြောင်းကို ဆက်လက် ကိုင်တွယ်ကြလိမ့်ဦးမည်သာ ဖြစ်၏။ ထိုအချက်ကိုလည်း သံသယဖြစ်စရာနှင့် ယုံမှားစရာအကြောင်း မရှိထင်၏။

ယင်းသို့ မိမိ၏အကြောင်းနှင့် မိမိ၏ကြမ္မာကို မေးမြန်းစုံစမ်းခြင်း ပြုလာကြသည်နှင့် တစ်ပြိုင်နက်၊ စူးစမ်းလေ့လာကြသည်နှင့် တစ်ပြိုင်နက် မိမိမှီတင်းနေထိုင်ရသဖြင့် မိမိ၏ဘဝကြမ္မာများနှင့် ရင်းရင်းနှီးနှီး နှောင်ဖွဲ့ဆက်စပ်လျက်ရှိသော ကမ္ဘာလောကကြီး၏ အကြောင်းများနှင့် ကြမ္မာများပါ ခုနစ်စဉ် အမျှင်တန်းပါလာ၏။ ဓာတ်ထုပ်တစ်ထုပ်ကို အဘယ်သို့ခွဲခြား၍ ရနိုင်ပါမည်နည်း။ ဓာတ်သမားနှင့် ဓာတ်ခံတို့ပေါင်းစပ်ပါမှ ဓာတ်ထုပ်ကပြလျက်ရှိသော ဓာတ်သမားများနှင့် သူတို့က ခုန်နေရသောဓာတ်ခံကို ဖြစ်လာရသည် မဟုတ်သလော။

ကမ္ဘာလောကကြီးဟာ ဘယ်လိုဟာကြီး ပါလိမ့်မလဲ။

ဒါလောက် ထွေးပြားကြီးကျယ်လှတဲ့ အဆောက်အအုံကြီးဟာ ဘယ်လိုကဘယ်လိုများ ဖြစ်လာရတာပါလိမ့်မလဲ။

ကမ္ဘာလောကကြီးဟာကော နောင် ဘာဖြစ်နေဦးမလဲ။

ကြောင့်ကြပူပန်စိတ်ဖြင့် လည်းကောင်း၊ စိုးရိမ်သိရှိလိုစိတ်ဖြင့်လည်းကောင်း မိမိ၏ကြမ္မာနှင့် ဆက်စပ်နှောင်ဖွဲ့လျက်ရှိသော ကမ္ဘာလောကကြီး၏အကြောင်းနှင့် ကြမ္မာများ
mgyee.com

ကိုလည်း လူ့အဖွဲ့ဝင်များသည် မေးမြန်းစုံစမ်းခဲ့ကြလေပြီ။ စဉ်းစားကြံဆခဲ့ကြပေါင်းလည်း များလှပြီ။ စူးစမ်းလေ့လာခြင်းပြုရာတွင်လည်း မောပန်းခြင်းမရှိသေး။ ရှေးလူဟောင်းများသည် ယင်းအမှုကိစ္စ၌ လုံ့လထုတ်ခဲ့ကြသကဲ့သို့ ယခုခေတ် လူဆက်များသည်လည်း ဝီရိယ ကောင်းနေကြဆဲသာ ဖြစ်၏။ နောင်လာမည့် လူသစ်များသည်လည်း ဘမျိုး ဘိုးတူကြဦး မည်သာ ဖြစ်၏။ ထိုအချက်ကိုလည်း စိတ်ဒွိဟဖြစ်နေစရာ အကြောင်းရှိနိုင်သေးသလော။

ယင်းသို့ မိမိနှင့်တကွ မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီးတို့၏ ကြမ္မာနှင့် အကြောင်းများကို မေးမြန်းစုံစမ်းရင်း၊ ကြံဆစူးစမ်းရင်း သူ၏အသိတရားများ၊ အလိမ္မာ တရားများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူ့အဖွဲ့ဝင်များသည် မိမိနှင့် ကမ္ဘာလောက ကြီးတို့၏ အဆက်အစပ် အပိုင်းအခြား၊ သို့မဟုတ် ဆက်ဆံရေးများ အကြောင်းကိုပါ တိုးချဲ့စပ်စုလာခဲ့ကြ၏။

ငါနဲ့ ကမ္ဘာလောကကြီးဟာ ဘယ်လိုသက်ဆိုင်ပါလိမ့်။

သက်ဆိုင်ကော သက်ဆိုင်တာမှ ဟုတ်ပါ၏လော။

ငါက သဘာဝတစ်ခု၊ ကမ္ဘာလောကကြီးက သဘာဝတစ်ခု ဖြစ်သလော။

မိမိနှင့် မိမိမှီတင်းနေထိုင်လျက်ရှိသော ကမ္ဘာလောကကြီးတို့၏ အဆက်အစပ် နှင့် အပိုင်းအခြားများ အကြောင်းကိုလည်း ဘိုးဘေးအဆက်ဆက်တို့သည် မေးမြန်းစုံစမ်း ခဲ့ကြ၏။ စဉ်းစားကြံဆခဲ့ကြ၏။ စူးစမ်းလေ့လာခဲ့ကြ၏။ ထိုအမှုကိစ္စကို သားစဉ်မြေးဆက် များကလည်း ကောင်းစွာ ဆက်ခံခဲ့ကြသကဲ့သို့ နောင်း လူသစ်များသည်လည်း ဆက်လက် ထိန်းသိမ်း သွားကြလိမ့်ဦးမည်သာ ဖြစ်သည် မဟုတ်သလော။ ထိုအချက်ကိုလည်း အဘယ်သူ သံသယရှိသေးသနည်း။

လူ့သမိုင်း၏အရုဏ်ကျင်းချိန်လောက်များမှ အစပြုကာ လူ့အဖွဲ့ဝင်များသည် မိမိတို့၏ အသက်ရှင်တည်တံ့ရေးနှင့် စည်ပင်တိုးတက်ရေးများ စသည်တို့အတွက် မိမိ၏ ကြမ္မာနှင့်အကြောင်းကိုလည်းကောင်း၊ မိမိ မှီတင်းနေထိုင်ခြင်းပြုရသော ကမ္ဘာလောကကြီး ၏ကြမ္မာနှင့် အကြောင်းကိုလည်းကောင်း၊ မိမိနှင့် မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီး တို့၏အဆက်အစပ် အပိုင်းအခြား စသည်တို့ကိုလည်းကောင်း ကြောင့်ကြပူပန်စိတ်နှင့် စိုးရိမ် သိရှိလိုစိတ် စသည်တို့ဖြင့် မေးခွန်းပုစ္ဆာများ အတောမသတ် ထုတ်ခဲ့လုပ်ခဲ့ကြပြီ။ ထိုမေးခွန်း ပုစ္ဆာများသည်လည်း ဤကမ္ဘာလောကကြီးတွင် လူ့အဖွဲ့ဝင်များ တည်တံ့နေသေးသမျှ ကာလပတ်လုံး ဆုံးစတိုင်နိုင်လိမ့်မည်မဟုတ်သော မေးခွန်းပုစ္ဆာများသာ ဖြစ်နေကြပေလိမ့်မည်။

## ၂။ အမေး နွားကျောင်းသား၊ အဖြေ ဘုရားလောင်း

မသိလျှင်မေး၊ မစင်လျှင်ဆေးဆိုသော စကားတစ်ခွန်း မြန်မာတို့တွင် ရှိ၏။ ထို စကားသည် ဆုံးမသြဝါဒစကားပင် ဖြစ်၏။

mgyoe.com

mgyoe.com
တစ်ဆက်တည်းမှာပင် မေးပါများစကားရ၊ အမေးရှိလျှင် အဖြေရှိရသည် အစရှိသော ထုံးစကားများဖြင့် အထက်ဖော်ပြပါ ဩဝါဒစကားကို ကျားကန်၍ပေးထား၏။ ယင်းဩဝါဒနှင့် ထုံးစကားများကို မြန်မာလူဟောင်းများသည် ၎င်းတို့၏အရပ်ရပ် အတွေ့အကြုံများမှ တရားထုတ်ကာ နှောင်းလူတို့အတွက် အလုပ်လမ်းညွှန်အဖြစ်ဖြင့် ထားရစ်ခဲ့ကြခြင်း ဖြစ်ဟန်တူ၏။

မြန်မာတို့သည် အလှအပနှင့် အနုအယဉ်များကို များစွာအရေးထားတတ်သော၊ တပ်မက်မြတ်နိုးတတ်သော လူမျိုးတစ်မျိုးဖြစ်၏။ နှောင်းလူနှင့် သားမြေးများအတွက် ထားရစ်ခဲ့ကြသော ဩဝါဒနှင့် ထုံးစကားများကိုပင် မှတ်သားဖွယ်ရာ၊ စိတ်ကွန့်မြူးလှုပ်ရှားဖွယ်ရာ ကဗျာလင်္ကာများ၊ ဒဏ္ဍာရီပုံပြင်များနှင့် စိတ်ဝင်စားဖွယ် ဆင်ယင်ဖွဲ့နွဲ့လေ့ရှိကြ၏။ မေးပါများစကားရဆိုသော ထုံးစကားနှင့်စပ်လျဉ်း၍ မြန်မာတို့တွင် ထင်ရှားကျော်ကြားသော မောင်ပေါက်ကျိုင်း ဝတ္ထုပုံပြင်ရှိ၏။ ထိုဝတ္ထုပုံပြင်တွင် ပညာသင်ကြား၍ မတတ်မြောက်နိုင်သော မောင်ပေါက်ကျိုင်း၊ လူသားမင်းသမီးကို စွဲလမ်းချစ်ခင်မိ၍ အသက်ဆုံးရှုံးသော နဂါးမင်း၊ အမျက်မာန်စောင်ကြီးလှသော နဂါးမင်းချစ်သူ မင်းသမီးနှင့် ကျီးဖိုကျီးမ အစရှိသော ဇာတ်ကောင်များ၏ လှုပ်ရှားမှုများဖြင့် တခမ်းတနား ဖွဲ့စည်းထားသည် မဟုတ်သလော။

သို့ရာတွင် အမေး နွားကျောင်းသား၊ အဖြေ ဘုရားအလောင်းဆိုသော ထုံးစကားတစ်ရပ်လည်း မြန်မာတို့တွင် ရှိသေး၏။ ထိုစကားသည် များစွာလေးနက်သော စကားလည်း ဖြစ်၏။ ထိုထုံးစကား၏ နွားကျောင်းသားဟူသော ပညတ်ဝေါဟာရသည် အသိတရား၊ အလိမ္မာတရားနှင့် အစဉ်းစား အဆင်အခြင်တရားများ အလွန်တရာ နည်းပါးသော၊ သို့မဟုတ် ခေါင်းပါးသောသူများအပေါ် တင်စားရည်ညွှန်းထားခြင်း ဖြစ်၏။ ယခုခေတ်ကာလ ဝေါဟာရစကားနှင့်ဆိုလျှင် သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် နဖူးကချွေးခြေမကျအောင် နေထွက်မှနေဝင် ကုန်းရုန်းလုပ်ကိုင်နေကြရသောကြောင့် ကိုယ့်ဟာကိုယ် စဉ်းစားချင့်ချိန်ခွင့် မရနိုင်သော လူထုများကို ဆိုလိုရင်းမျှသာ ဖြစ်၏။ ဘုရားလောင်းဟူသော နာမ်ပုဒ်မှုကား အသိအလိမ္မာနှင့် အကြားအမြင် ကြွယ်ဝများပြားသည်ဆိုသော သုခမိန်ပညာရှင်များအပေါ် ရည်မှန်းခြင်း ဖြစ်၏။ ယခုခေတ်ကာလ စကားနှင့်ဆိုလျှင် အုပ်စိုးသူများနှင့် အာဏာရ လူတန်းစားအသိုင်းအဝိုင်းတွင် အဝင်အပါဖြစ်တတ်ကြသော ဆရာဘွဲ့ခံ၊ သမားဘွဲ့ခံပညာတတ်လူတန်းစားကို ဆိုလိုရင်း ဖြစ်၏။ မည်ကဲ့သို့ပင်ဖြစ်စေ ယင်းထုံးစကား၏ဆိုလိုရင်းအဓိပ္ပာယ်မှာ လူ့ဘူးတောင်းများသာ ဖြစ်ကြသော နွားကျောင်းသားများက ထင်မိထင်ရာ စွတ်ရွတ်၍ မေးတတ် မြန်းတတ်သော မေးခွန်းပုစ္ဆာနှင့် ပြဿနာများကို ဘုရားအလောင်းဆိုသော သုခမိန်ပညာရှိက ခက်ခက်ခဲခဲနှင့် ပင်ပင်ပန်းပန်း ကြံစည်ဖြေကြားခြင်း ပြုရသည်ဆိုသော အချက်ပင် ဖြစ်၏။
mgyoe.com

mgyoe.com

ယဉ်ကျေးမှုနှင့် အသိအလိမ္မာတရားများ ဖွံ့ဖြိုးကြွယ်ဝသော လူမျိုးတစ်မျိုးအနေနှင့် မြန်မာတို့တွင် လူ၊ ကမ္ဘာလောက၊ လူနှင့်ကမ္ဘာလောကတို့၏ အဆက်အစပ်များအကြောင်း အမေးအဖြေများ ရှိကြ၏။ သို့ရာတွင် မြန်မာတို့၏ မူရင်းအမေးအဖြေများကို ယခုအခါ အစအနလောက်မျှပင် မတွေ့ရတော့ချေ။ မစ္ဈိမတိုင်းနှင့် သီဟိုဠ်ကျွန်းများမှ တင်သွင်း မွေးစား၍ မြန်မာမှုပြုထားသော အာဒိကပ္ပ၊ အဘိဓမ္မာနှင့် ဗုဒ္ဓဝင်များသာ ရှိ၏။ လူဝတ် ကြောင်များသိလို၍ မေးသမျှကို ဘုန်းကြီးရဟန်းများက ဖွင့်ဆိုဖြေကြားတတ်ကြ၏။ ရှင်းလင်းဟောပြောတတ်ကြ၏။

မြန်မာတို့နည်းတူ လူမျိုးတိုင်းနှင့် လူ့အစည်းအရုံး ဟူသမျှတို့တွင် အလားတူ မေးခွန်းပုစ္ဆာများနှင့် ပတ်သက်သော အမေးအဖြေများ ရှိတတ်ကြ၏။ ဖွံ့ဖြိုးတိုးတက်နေ သော လူ့အစည်းအရုံးများကို ထားဘိဦး၊ သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုတွင် များစွာနေ့ ကွေး နောက်ကျန်လျက်ရှိသော လူ့အဖွဲ့အစည်း အသင်းအဖွဲ့ကလေးများတွင်မှာပင် သူ့ဟာနှင့်သူ ရှိကြ၏။ မြောက်အစွန်းဖြစ်သော အာတိတ်စက်ဝန်းတစ်ဝိုက်တွင် ရေမုဆိုး လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလျက်ရှိကြသော အက်စ်ကီမိုးလူမျိုးများမှ ပစိဖိတ် သမုဒ္ဒရာ တောင်ဘက်စွန်းကျွန်းကလေးများတွင် နေထိုင်လျက်ရှိကြသော လူ့အသင်းအဖွဲ့ ကလေးများအထိ သူ့အိုးနှင့်သူ့ဆန် ရှိကြသည် မဟုတ်သလော။ သူ့နွားကျောင်းသားများ နှင့် သူ့ဘုရားအလောင်းများလည်း ရှိကြသည်မဟုတ်သလော။

လူ့အနွယ်ကြီး၏ဖြစ်ပေါ်တိုးတက်မှုသမိုင်းတွင် ရှေးလွန်လေပြီသော နှစ်ပေါင်း ၅၀၀၀ ပတ်ဝန်းကျင်နှင့် အထက်ကျော်ကာရီများလောက်က ယူဖရေးတီး၊ တိုင်းဂရစ်၊ နိုင်း(လ်) နှင့် အိန္ဒုမြစ်ဝှမ်းများတစ်ဝိုက်တွင် လူ့အစည်းအရုံးများ၊ မြို့ပြနိုင်ငံများနှင့် အင်ပါ ယာများ ဖွဲ့စည်းထူထောင်ခဲ့ကြသော ဆူမေးရီးယား၊ ဘာဘုလုံ၊ အစီးရီးယားချော်(လ်)ဒီ၊ အီဂျစ်၊ ရေဝတီနှင့် ဒရေဗီဒီယံအစရှိသော လူမျိုးများတွင်လည်းကောင်း၊ ရှေးလွန်လေပြီး သော နှစ်ပေါင်း ၂၅၀၀ နှင့် ၅၀၀၀ ခန့် ပတ်ဝန်းကျင်လောက်က မြစ်ဝါ၊ ဂင်္ဂါ၊ မြေထဲ ပင်လယ်နှင့် အမေရိကန်အလယ်ပိုင်း အရပ်ဒေသများတစ်ဝိုက်တွင် အလားတူ လူ့အစည်း အရုံးများ၊ မြို့ပြတိုင်းနိုင်ငံများနှင့် အင်ပါယာများ ဖွဲ့စည်းတည်ထောင်ခဲ့ကြသော တရုတ်၊ အရိယာ၊ ခေါမနှင့် မာယာ အစရှိသော လူမျိုးများတွင်လည်းကောင်း လူ၊ ကမ္ဘာလောက နှင့် လူနှင့် ကမ္ဘာလောကတို့၏ အဆက်အစပ်များအကြောင်း အမေးအဖြေလုပ်ခဲ့ကြသော ဖော်ပြခဲ့ကြသော အာဒိကပ္ပ၊ အဘိဓမ္မာနှင့် ဗုဒ္ဓဝင်များ ကြွယ်ကြွယ်ဝဝ ရှိကြ၏။

လူ့အနွယ်၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းတွင် ရှေးအကျဆုံးဟု ယူဆထားကြ သော ဘာဘုလုံနှင့် အီဂျစ် လူ့အစည်းအရုံးများတွင် အထက်ဖော်ပြပါ မေးခွန်းပုစ္ဆာများကို ဖြေကြားခဲ့သော အာဒိကပ္ပနှင့် စကြဝဠာဗေဒကျမ်းများ ကြွယ်ကြွယ်ဝဝရှိ၏။ ရှေးဟောင်း လူမျိုးတစ်မျိုးဖြစ်သော ရေဝတီတို့တွင်လည်း ကမ္ဘာလောကကြီးနှင့်တကွ လူသတ္တဝါများ

mgyoe.com

mgyoe.com
ဖြစ်ပေါ်လာကြပုံအကြောင်း တခမ်းတနား ဖော်ပြထားသော ကမ္ဘာဦးကျမ်းရှိ၏။ တရုတ်လူမျိုးများတွင် လွန်လေပြီးသော နှစ်ပေါင်း ၂၅၀၀ ကျော်လောက်မှစ၍ တရုတ်အာဒိကပ္ပဟုခေါ်နိုင်သော စံတော်ဝင်ကျမ်းကြီးကျမ်းခိုင် ၆ စောင်မျှ ရှိသည်ဆို၏။ အာရိယာလူမျိုးများ အခြေစိုက်သော မဇ္ဈိမတိုင်းတွင် အာဒိကပ္ပကျမ်းများ အမျိုးမျိုးအစားစားရှိ၏။ ခေါ်မလူမျိုးများတွင် ခမ်းနားကြီးကျယ်သော စကြဝဠာဗေဒကျမ်းများ ကြွယ်ဝ၏။ အမေရိကန်တိုက် အလယ်ပိုင်းတွင် ယဉ်ကျေးမှုထူထောင်ခဲ့သော မာယာလူမျိုးများတွင်လည်း ဒဏ္ဍာရီနှင့်ပုံပြင်များ ရှိ၏။

လူ့အနွယ်၏သမိုင်းတစ်လျှောက်နှင့် ကမ္ဘာမြေအနှံ့အပြားတွင် ပေါ်ပေါက်ခဲ့၊ ပေါ်ပေါက်ဆဲဖြစ်သော လူ့အစည်းအရုံးနှင့် အသင်းအဖွဲ့များတွင် အထက်ဖော်ပြပါ မေးခွန်းပုစ္ဆာများနှင့် ပတ်သက်သော အမေးအဖြေများသည် သမိုင်းဖြစ်ပေါ်တိုးတက်မှု အဆင့်အခြေအနေနှင့် ရေမြေတောတောင် အနေအထားလိုက်၍ ပုံပန်းသဏ္ဌာန် အနေလောက်သာ ကွဲပြားခြားနားခြင်းရှိ၏။ အနှစ်သာရ လိုရင်းတွင်ကား အတူတကွဖြစ်၏။ ကြောင်းတူသံကွဲမျှသာ ဖြစ်၏။ ထုံးစံအတိုင်း အထက်ဖော်ပြပါ မေးခွန်းပုစ္ဆာများကို မမောမပန်း မေးမြန်းကြသူများမှာ နွားကျောင်းသားစာရင်းဝင် လူထုများဖြစ်၏။ ယင်းမေးခွန်းပုစ္ဆာများကို ဒိုင်ခံ၍ ရှင်းလင်းဖြေကြားသူများမှုကား ဘုရားအလောင်းစာရင်းဝင် သုခမိန်ပညာရှိများ၊ ပုရောဟိတ်ဆရာများ၊ ဓမ္မဆရာများ၊ ရသေ့ကြီးများနှင့် ဘုန်းကြီးရဟန်းအစရှိသူတို့သာ ဖြစ်ကြ၏။

## ၃။ အသိအလိမ္မာတရား၏ လမ်းဆုံလမ်းခွ

မဟာစကြဝဠာ၏သက်တမ်းသည် ယခုအခါ အနည်းဆုံး အနှစ်သန်းပေါင်း ၁၀,၀၀၀ မှ အများဆုံး အနှစ်သန်းပေါင်း ၃၀,၀၀၀ ခန့်ရှိလောက်ပြီဟု နောက်ဆုံးပေါ်တိုင်းထွာတွက်ချက်ရေး ကိရိယာတန်ဆာပလာများဖြင့် စစ်ဆေးကြည့်ရှုလျက်ရှိကြသော နက္ခတ္တဗေဒ၊ ရူပနက္ခတ္တဗေဒနှင့် စကြဝဠာဗေဒပညာရှင်များက ခန့်မှန်းလျက် ရှိကြ၏။ နေစကြဝဠာ၏ ဂြိုဟ်ငယ်တစ်လုံးမျှသာဖြစ်သော ကမ္ဘာမြေကြီး၏ သက်တမ်းမှုကား အနှစ်သန်းပေါင်း ၄,၀၀၀ ခန့် ပတ်ဝန်းကျင်လောက်တွင်သာ ရှိနိုင်လိမ့်မည်ဆို၏။ ထိုသို့အဆိုပြုကြသူများမှာ အထက်ဖော်ပြပါ ပညာရှင်များနည်းတူ ခေတ်မီ ကိရိယာတန်ဆာပလာများနှင့် ကိုင်တွယ်စစ်ဆေးလျက်ရှိကြသော ဘူမိဗေဒ၊ ရူပဘူမိဗေဒနှင့် ဓာတုဘူမိဗေဒပညာရှင် များ ဖြစ်၏။ ယင်း မဟာစကြဝဠာနှင့် ကမ္ဘာဂြိုဟ်တို့၏သက်တမ်းများနှင့် နှိုင်းဆလိုက်သောအခါ လူ့အနွယ်၏သက်ဆိုးမှာ ဘာမျှမပြောပလောက်ချေ။ ခဏငယ်တစ်ခဏလောက်မျှသာ ရှိလိမ့်ဦးမည်ဖြစ်၏။ မနုဿဗေဒနှင့် ပုရဗေဒပညာရှင်များက လူဟူ၍ခေါ်ဆိုခြင်း ပြုနိုင်လောက်သော သတ္တဝါအမျိုးအစား ကမ္ဘာမြေပြင်တွင် ဖြစ်ထွန်းပေါ်ပေါက်
mgyoe.com

mgyoe.com
လာသည်မှာ အနှစ်တစ်သန်းခန့် ပတ်ဝန်းကျင်လောက်တွင်သာ ရှိနိုင်လိမ့်ဦးမည်ဖြစ်ကြောင်းဖြင့် တစ်သံတည်းထွက်ဆိုလျက်ရှိကြ၏။ အနှစ်သန်းပေါင်းသောင်းထောင်မျှသော ကိန်းဂဏန်းများနှင့် နှိုင်းဆလိုက်သောအခါ အနှစ်တစ်သန်းဆိုသော ကိန်းဂဏန်းသည် ဘာမျှပြောပလောက်စရာ မဟုတ်တော့ချေ။ ထို့ကြောင့် တစ်ခဏငယ်ဟု ဆိုခဲ့ခြင်းဖြစ်၏။

လွန်လေပြီးသော အနှစ်တစ်သန်းခန့် ပတ်ဝန်းကျင်လောက်ကမှ ကမ္ဘာမြေကြီးပေါ်တွင် ကိုယ့်ခြေနှစ်ချောင်းနှင့်ကိုယ် မလဲမပြိုဘဲ မတ်တတ်ရပ် သွားနိုင်လာနိုင်သော လူသတ္တဝါသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀,၀၀၀ ပတ်ဝန်းကျင်ခန့်လောက်ကမှ မွေးရာပါ အသိအဆင့်အခြေမှ စဉ်းစားကြံစည်၍လည်းကောင်း၊ ဆင်ခြင်ကြံဆ၍လည်းကောင်း သိတတ်သော သို့မဟုတ် သိနိုင်သော အသိအဆင့်အခြေသို့ စမ်းတဝါးဝါး စတင်လှည့်ပြောင်းရန် အားသစ်နိုင်ခဲ့၏။ သဘာဝအရိုင်း၏ မီးခာတ်ကို အလေ့ကျဘာဝမှ ကိုယ်ဟာပြုကာ စကားပြောတတ်ဆိုတတ်စ ပြုလာ၏။ ဘာသာစကားတစ်ရပ်ကို ဖန်ဆင်းထူထောင်နိုင်ခဲ့ပြီဆို ရသော်ငြားလည်း ပီပီပြင်ပြင်နှင့် ဖွံ့ဖွံ့ဖြိုးဖြိုးရှိလှလိမ့်ဦးမည်ကား မဟုတ်ရာ။ မည်ကဲ့သို့ပင် ဖြစ်စေ၊ လူသတ္တဝါသည် အစုအသင်းနှင့် ဖွဲ့စည်းနေထိုင်သော၊ စကားပြောဆိုဆက်ဆံတတ်သော သို့မဟုတ် အသိချင်းဖလှယ်နိုင်သော သတ္တဝါအမျိုးအစား ဖြစ်လာ၏။

လူသည် မွေးမြူရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးဘဝ၊ သို့မဟုတ် ကုန်ထုတ်လုပ်ငန်းကို သဘာဝအရိုင်းအား အာခံအန်တုကာ ကိုယ်စွမ်းကိုယ်စနှင့် ကိုယ့်ဟာကိုယ်ထူထောင်ခြင်းပြုနိုင်ခဲ့သည်မှာ ဘာမျှကြာလှသေးသည် မဟုတ်။ အလွန်ဆုံးရှိပါမှ နှစ်ပေါင်း ၇,၀၀၀ ခန့် ပတ်ဝန်းကျင်လောက်တွင်သာ ရှိနိုင်လိမ့်မည်ဆို၏။ အတည်တကျ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများနှင့် ကမ္ဘာမြေကြီး၏ သင့်တင့်လျောက်ပတ်သော အရပ်နေရာတစ်ခုတွင် မြို့ပြနိုင်ငံများထူထောင်၍ အခြေချနေထိုင်ခြင်း ပြုနိုင်ခဲ့ကြသည်မှာလည်း နှစ်ပေါင်း ၅,၀၀၀ နှင့် ၇,၀၀၀ ခန့် အကြားလောက်တွင်သာ ရှိလိမ့်ဦးမည်ဆို၏။ လူ့အနွယ်ကြီး၏သမိုင်းတွင် အစောဆုံးနှင့် ရှေးအကျဆုံး ထူထောင်ခဲ့ကြသည်ဟု ရှေးဟောင်းသမိုင်းပညာရပ်က လက်ခံထားသော ယူဖရေးတီး၊ တိုင်းဂရစ်၊ နိုင်း(လ်) နှင့် အိန္ဒုမြစ်ဝှမ်းမြို့ပြနိုင်ငံများ၏သက်တမ်းမှာ ယင်းကာလပိုင်းလောက်က ဖြစ်၏။ ထို့ကြောင့် စာရေးစာဖတ်၊ အတွက်အချက်၊ အတိုင်းအထွာ၊ နက္ခတ္တဗေဒနှင့် ဗိသုကာအစရှိသော အတတ်ပညာရပ်များကို လူ့အနွယ်ဝင်များ ထူထောင်နိုင်ခဲ့ကြသည်မှာ နှစ်ပေါင်း ၅,၀၀၀ သာသာခန့် ပတ်ဝန်းကျင်လောက်ကသာ ဖြစ်ရာ၏။

သို့ရာတွင် လူ၏အသိအလိမ္မာတရား ဖြစ်ပေါ်ဖွံ့ဖြိုးမှုနှင့် စည်ပင်တိုးတက်မှုများအတွက် ကြီးကြီးမားမား တော်လှန်ပြောင်းလဲပစ်လိုက်သော သဘာဝသိပ္ပံပညာရပ်များကို စတင်ထူထောင်နိုင်ခဲ့ကြသည်မှာ အထက်တွင် ဖော်ပြထားခဲ့သော လူ့သမိုင်း၏မှတ်တိုင်များနှင့် နှိုင်းဆလိုက်သောအခါ ညီပုကလေးမျှလောက်ပင် မရှိတတ်သေးပေ။ လီယိုနာ
mgyoe.com

mgyoe.com
ဒါဒီဗင်စီ၊ ဖရန့်စစ်ဆောကွန်၊ ကိုပါ်းနီးကား၊ ဂျိုဟဲနီး(စ်) ကက်ပလာ၊ ဂယ်လီလီနှင့် နယူတန် အစရှိသော သဘာဝသိပ္ပံပညာရပ်များ၏အသီးအပွင့်များကို လက်တွေ့ကိရိယာတန်ဆာ ပလာအဖြစ်ဖြင့် လူတို့ အကောင်အထည်ဖော်နိုင်ခဲ့သည်မှာလည်း ဘာမျှရှိလှဦးမည်မဟုတ်။ ဥရောပ၏စစ်မှုတော်လှန်ရေး သမိုင်းကာလမှ စတင်တွက်ချက်ကြမည်ဆိုလျှင် နှစ်ပေါင်း ၂၀၀ ခန့်မျှပင် မရှိတတ်သေးပေ။ သို့ရာတွင် လူ့သမိုင်း၏ တစ်ခဏာငယ်မျှလောက်သာ ရှိတတ်သော ထိုအချိန်ကာလပိုင်းကလေး အတွင်းမှာပင် လူသည် မိမိ၏ကြမ္မာနှင့် မိမိ၏ အကြောင်းကိုလည်းကောင်း၊ ကမ္ဘာလောကကြီး၏ ကြမ္မာနှင့်အကြောင်းကိုလည်းကောင်း၊ မိမိနှင့် ကမ္ဘာလောကကြီးတို့၏ အဆက်အစပ် အပိုင်းအခြား အစရှိသော အကြောင်းအရာ များကိုလည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းကာ အရှိန်အဟုန်ပြင်းပြင်းဖြင့် စုံစမ်းမေးမြန်းခဲ့ကြပြီ။ ရှင်းလင်းဖွင့်ဆိုသော ဘုရားအလောင်းများကလည်း အကြောင်းယုတ္တိ နှင့် ရှင်းလင်းဖွင့်ဆိုလျက်ရှိကြပြီ။

ကမ္ဘာလောကကြီး၏ ကြမ္မာနှင့်အကြောင်း စသည်တို့ကို ဒဏ္ဍာရီပုံပြင်သဘော နှင့် စိတ္တဇဆန်ဆန် ဖော်ပြခြင်းပြုတတ်ကြသော ရှေးဟောင်းအာဒိကပ္ပ၊ စကြဝဠာဗေဒနှင့် နက္ခတ္တဗေဒများကို ကိုပါ်းနီးကား၊ ကက်ပလာ၊ ဂယ်လီလီနှင့် နယူတန်အစရှိသော ခေတ်သစ် ဘုရားအလောင်းများက ရိုက်ချိုးမှောက်လန်ကာ ရေပက်မဝင်နိုင်သော အကြောင်းယုတ္တိများ ဖြင့် ခေတ်သစ် အာဒိကပ္ပ၊ စကြဝဠာဗေဒနှင့် နက္ခတ္တဗေဒ ပညာရပ်များကို အခိုင်အခံ့နှင့် စနစ်တကျ ထူထောင်ခဲ့ကြ၏။ သမိုင်းတစ်ခေတ်ထက်တစ်ခေတ် မျက်စိကြီး၊ နားကြီးများ ဖြစ်လာကြသော ခေတ်သစ်နွားကျောင်းသားများ ကောင်းစွာ ဘဝင်ကျလက်ခံခြင်း ပြုနိုင် အောင် အသေးစိတ် ရှင်းလင်းဖွင့်ဆိုခဲ့ကြ၏။ လက်တွေ့မျက်တွေ့ပြသခဲ့ကြ၏။

လူ၏ကြမ္မာနှင့်အကြောင်း စသည်တို့ကိုလည်း အလားတူ ဒဏ္ဍာရီပုံပြင်သဘော နှင့် စိတ္တဇဆန်ဆန် ဖော်ပြခြင်းပြုလေ့ရှိသော ရှေးဘုရားအလောင်းများ၏ မနုဝင်နှင့် မနုဿဗေဒများကို ကယောင်ချောက်ချား ဖြစ်သွားရလောက်အောင် မှောက်လှန်ခါရမ်းပစ် လိုက်သူမှာ ခေတ်သစ် သဘာဝတ္တပညာရှင်ကြီး တစ်ဆူဖြစ်သူ ချား(လ်)(စ်)ဒါဝင် ပင်ဖြစ်၏။ ဒါဝင်သည် လူ၏ဗီဇနှင့် နိယာမ စသည်များကို ရှေးအလောင်းတော်များကဲ့သို့ သဘာဝ နှင့် ကမ္ဘာလောကကြီး၏အပြင်အပဿ မရှာမဖွေ မစူးမစမ်း၊ လူသတ္တဝါပေါ်ထွန်းရာ သဘာဝ နှင့် ကမ္ဘာလောကကြီးအတွင်း၌သာ စူးစမ်းလေ့လာ၏။ အထူးသဖြင့် သက်ရှိရုပ်များ၊ သတ္တဝါများ၏ ဖြစ်ပေါ်တိုးတက်မှု အစဉ်အတွင်း၌သာ ကြောင်းကျိုးဆက်တရားဖြင့် တောက်လှမ်းကြံဆ၏။ စဉ်းစားကြံစည်၏။ ထို့နောက် သူ၏စူးစမ်းတွေ့ရှိချက်များကို ရဲရဲဝံ့ဝံ့ ထူထောင်ခြင်းပြု၏။ ခေတ်သစ် နွားကျောင်းသားများ ကောင်းစွာ ဘဝင်ကျလက်ခံ နိုင်လောက်အောင် လူ၏ကြမ္မာနှင့် လူ၏အကြောင်းစသည်တို့ကို အကြောင်းယုတ္တိ အခိုင် အခံ့ ရှင်းလင်းဖွင့်ဆိုခဲ့၏။ လက်တွေ့မျက်တွေ့ပြသခဲ့၏။
mgyoe.com

mgyoe.com

လူနှင့် ကမ္ဘာလောကကြီးတို့၏အဆက်အစပ်နှင့် အပိုင်းအခြား သို့မဟုတ် ဆက်ဆံရေးအကြောင်းများကို လူ့သမိုင်းတစ်လျှောက်တွင် ဆရာသမားအဆူဆူနှင့် အဆက်ဆက်တို့သည် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ရှင်းလင်းဖွင့်ဆိုခဲ့ကြ၏။ ယင်းသို့ ရှေးဟောင်း ဆရာသမားအဆူဆူနှင့် အဆက်ဆက်တို့ ဒဏ္ဍာရီဆန်ဆန် ရှင်းလင်းဖွင့်ဆိုခဲ့ကြသော လူနှင့်ကမ္ဘာလောကတို့၏ ဆက်ဆံရေးဆိုင်ရာ စိတ်ကူးယဉ်ပုံပြင်များကို သမိုင်း၏ အမှိုက်ပုံကြီးထဲသို့ ခပ်ထုတ်ဖယ်ရှားလိုက်သူများမှာ ခေတ်သစ် သိပ္ပံပညာရှင်ကြီးများဖြစ်ကြသော ကား(လ်)မာ့က္စ(စ်) နှင့် ဖရဲဒရစ်အိန်းဂျဲ(လ်) နှစ်ဦးတို့ပင်ဖြစ်ကြ၏။ ယင်း သိပ္ပံပညာရှင်ကြီး နှစ်ဦးတို့သည် လူနှင့်ကမ္ဘာလောကကြီးတို့ အဆက်အစပ်နှင့် အပိုင်းအခြားဆိုင်ရာ အရင်းခံပြဿနာများ လောကသာမက လူ့အနွယ်အတွင်း လူမှု ဆက်ဆံရေးဆိုင်ရာ နိယာမများကိုပါ အကြောင်းယုတ္တိ အခိုင်အလုံဖြင့် စနစ်တကျ ရှင်းလင်းပြသခဲ့ကြ၏။ အဘိဓမ္မာဆရာ ဆိုသူများသည် ကမ္ဘာလောကကြီး၏အကြောင်းကိုသာ အနည်းနည်းအဖုံဖုံ ရှင်းလင်းဖွင့်ဆိုလျက် ရှိကြသည်။ တကယ့်လုပ်ငန်းများမှာ ကမ္ဘာလောကကြီးကို ပြောင်းလွှဲရန်ဖြစ်သည် မဟုတ်သလော ဟူ၍ ခေတ်သစ် နွားကျောင်းသားများ ကောင်းစွာ သဘောပေါက်နားလည်နိုင်အောင် မာ့က္စ(စ်) နှင့် အိန်းဂျဲ(လ်) တို့သည် လက်တွေ့ပြသ ရှင်းလင်းခဲ့ကြသော သိပ္ပံပညာရှင်ကြီးများလည်း ဖြစ်၏။

ဤသို့လျှင် လူ့သမိုင်း၏ တစ်ခဏငယ်မျှလောက်သာ ဖြစ်သော လွန်ခဲ့သော ရာစုနှစ်များ အနည်းငယ်အတွင်းလောက်မှ အစပြုကာ လူသည် မိမိ၏ကြမ္မာနှင့် အကြောင်းကိုလည်းကောင်း၊ မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီး၏ ကြမ္မာနှင့် အကြောင်းကိုလည်းကောင်း၊ မိမိနှင့် မိမိမှီတင်းနေထိုင်ခြင်းပြုရသော ကမ္ဘာလောကကြီးတို့၏ အဆက်အစပ်နှင့် အပိုင်းအခြားစသည်တို့ကိုလည်းကောင်း အံ့မခန်းလောက်အောင် ဘက်စုံစုံ သိမြင်လာခဲ့ကြ၏။ တိုးတက်နားလည်လာခဲ့ကြ၏။ ယင်းသို့ အသိတရား၊ အလိမ္မာတရားများ ဘက်စုံစုံ တိုးတက်ဖွံ့ဖြိုးလာခဲ့ကြသည်နှင့်အမျှ လူသည် မိမိကိုယ်ကိုလည်းကောင်း၊ မိမိ၏ အပဖြစ်သော ကမ္ဘာလောကကြီးကိုလည်းကောင်း၊ မိမိနှင့် မိမိမှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီးတို့၏အဆက်အစပ်နှင့် အပိုင်းအခြား စသည်တို့ကိုလည်းကောင်း ရင်သပ်အံ့သြရလောက်အောင် လှည့်ပြောင်းခြင်းပြုခဲ့ကြ၏။ သို့ရာတွင် အညွန့်တလူလူနှင့် တက်နေသော လူ၏အသိအလိမ္မာတရားများနှင့် စွမ်းပကားအစရှိသည်တို့သည် ထိုမျှလောက်နှင့် ရောင့်ရဲ ရပ်တန့်၍မနေ၊ ထပ်မံရရှိလာသော အတွေ့အကြုံသစ်များ၊ အဆက်အဆံသစ်များနှင့် နိယာမသစ်များဖြင့် တိုးချဲ့ပြီးရင်း တိုးချဲ့လျက် လှည့်ပြောင်းပြီးရင်း လှည့်ပြောင်းလျက်၊ ရှိနေကြပြီဖြစ်သည် မဟုတ်သလော။

ကြည့်ပါ။

ရာစုနှစ် အနည်းငယ်ခန့်လောက်က ဂယ်လီလီနှင့် နယူတန် အစရှိသော သဘာဝ

mgyoe.com

mgyoe.com
သိပ္ပံပညာရှင်ကြီးများ စတင်ထူထောင်ခဲ့ကြသော ခေတ်သစ် စကြဝဠာဗေဒကို ၂၀–ရာစုနှစ်များအတွင်း နောက်ထပ်၍ စုဆောင်းရရှိလာခဲ့ကြသော အတွေ့အကြုံသစ်များ၊ နိယာမသစ်များဖြင့် နောင်းလူဆက်များက ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း တိုးချဲ့လျက်ရှိကြ၏။ မဟာစကြဝဠာဆိုင်ရာ ကမ္ဘာလောက၏ကြမ္မာနှင့် အကြောင်းကို တိုးချဲ့ခဲ့ကြသူများမှာ အိန်စတိုင်းနှင့် ၎င်း၏နောက်လိုက်တပည့်တပန်းများဖြစ်ကြသော သိပ္ပံပညာရှင်ကြီးများ ဖြစ်ကြ၏။ အနုစကြဝဠာဆိုင်ရာ ကမ္ဘာလောက၏ကြမ္မာနှင့် အကြောင်းကို တိုးချဲ့ခဲ့ကြသူများမှာ မက်(စ်)ပလန့်နှင့် ၎င်း၏နောက်လိုက်များဖြစ်ကြ သော သိပ္ပံပညာရှင်များ ဖြစ်ကြ၏။

အလားတူပင် ဒါဝင်၏အခြေခံနိယာမကို လည်းကောင်း၊ မာ့က္ခ(စ်) နှင့် အိန်းဂျဲ(လ်) တို့၏အခြေခံနိယာမများကို လည်းကောင်း သူတို့ခေတ်နှင့်သူတို့ အခါအလျောက် သူတို့ ထပ်မံတွေ့ရှိ စုဆောင်းခဲ့ကြသော အတွေ့အကြုံသစ်များ၊ နိယာမသစ်များဖြင့် နောင်းလူဆက်များကလည်း ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း တိုးချဲ့ခြင်း ပြုခဲ့ကြ၏။ ဒါဝင်၏ နိယာမကို ဆက်ခံတိုးချဲ့ခဲ့ကြသူများအနက် ဟက်စလေ၊ ဟေကယ်(လ်) နှင့် မီချူရင် အစရှိသော သိပ္ပံပညာရှင်များသည် ထင်ရှားသူများ ဖြစ်ကြ၏။ မာ့က္ခ(စ်) နှင့် အိန်းဂျဲ(လ်) တို့၏နိယာမများကို ဖြည့်တင်းခဲ့ကြသူများထဲတွင်လည်း လီနင်နှင့် စတာလင်စသူတို့သည် များစွာ ထင်ရှားကျော်ကြားသူများဖြစ်၏။

ယင်းသို့လူ၏ကြမ္မာနှင့် လူ၏အကြောင်း၊ ကမ္ဘာလောကကြီး၏ ကြမ္မာနှင့်အကြောင်း၊ လူနှင့် ကမ္ဘာလောကကြီးတို့၏ ဆက်ဆံရေးအကြောင်း အစရှိသော အကြောင်းတရား သုံးပါးရှိသည့်အနက် ယခုအခါ လူသည် မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီး၏ ကြမ္မာနှင့်အကြောင်းကို စူးစမ်းလေ့လာရာတွင် ကျန်အကြောင်းတရားများထက် များစွာ တိုးတက်သာလွန်လျက်ရှိ၏။ ၂၀–ရာစုနှစ်များအတွင်း အသိတရားနှင့် စွမ်းပကားများ ခုန်ပျံတိုးတက်လျက် ရှိသည်ဆိုသော လူ့အနွယ်ဝင်များသည် လူ၏ကြမ္မာနှင့် လူ၏ အကြောင်း၊ လူနှင့် ကမ္ဘာလောကကြီးတို့၏ဆက်ဆံရေး အကြောင်းများထက် မိမိ၏အပ ဖြစ်သော ကမ္ဘာလောကကြီး၏အကြောင်းများကို စူးစမ်းလေ့လာရာတွင် လည်းကောင်း၊ တတ်သိနားလည်ရာတွင်လည်းကောင်း ရင်သပ်အံ့သြရလောက်အောင် ရှေ့တန်းတင် လျက်ရှိ၏။ ရှေ့တန်းသို့ ရောက်လျက်ရှိ၏။ အထူးသဖြင့် အနုစကြဝဠာနှင့် မဟာစကြဝဠာတို့၏ ကြမ္မာများအကြောင်းများကို ထိုးဖောက်မွှေနှောက်ခြင်းပြုရာတွင် ရင်သပ်အံ့သြရလောက်အောင် နက်နက်ရှိုင်းရှိုင်း တိုးဝင်လျက်ရှိ၏။ ယင်းသို့ စကြဝဠာနှစ်ပါးအတွင်းသို့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်လျက် ရှိကြရာမှ ယခုအခါ ကမ္ဘာလောကကြီး၏ကြမ္မာများ၊ အကြောင်းများနှင့်ပတ်သက်သော လူ၏ အသိအလိမ္မာတရားတို့သည်လည်း လမ်းဆုံလမ်းခွသို့ ရောက်ရှိမှန်း မသိရောက်ရှိလာ၏။
mgyoe.com

mgyoe.com

မဟာစကြဝဠာဗေဒ ပညာရပ်ဆိုင်ရာ သိပ္ပံပညာရှင်များသည် တန်ခိုးအာနိသင်ကြီးမားစူးရှခြင်းရှိလှသော မှန်ပြောင်း အမျိုးမျိုး အစားစားဖြင့် ကမ္ဘာလောကကြီးကို လက်ကုန်နှိုက်ကြသောအခါ အတိုင်းအဆ မရှိသကဲ့သို့ထင်ရသော အနန္တဟင်းလင်းပြင်ကြီးအတွင်း အလင်း၏အလျင်လောက်ဖြင့် ရွေ့လျားပြေးလွှားလျက် ရှိကြသော အနုစကြဝဠာဗေဒ ပညာရပ်ဆိုင်ရာ သိပ္ပံပညာရှင်များသည်လည်း အလားတူ တန်ခိုးအာနိသင်ကြီးမားထက်မြက်ခြင်းရှိလှသော လက်နက်ကိရိယာများ၊ မှန်ဘီလူးကြီးများ စသည်ဖြင့် အဏုမြူများအတွင်းသို့ လက်ကုန်နှိုက်ကြည့်ကြပြန်သော အခါတွင် အတိုင်းအဆအားဖြင့် အလွန်တရာ မှုန်မွှားသေးငယ်လှသော ရုပ်ကြည်ရုပ်နုကလေးများသည် အနုကမ္ဘာ၏ ဟင်းလင်းပြင်ငယ်အတွင်း သူ့ပတ်လမ်းကြောင်းနှင့်သူ အလင်း၏ အလျင်လောက်ဖြင့်ပင် ရွေ့လျားပြေးလွှားလျက် ရှိနေကြသည်ကိုသာ တွေ့ရပြန်၏။ အဘယ်နည်း။

နေဝန်းထက် အဆပေါင်း ၂၅၀၀–၃၀၀၀ ခန့်မျှအထိ ကြီးမားသော ဧရာမကြယ်ဘီးလူးကြီးများ အဝင်အပါ ကြယ်လတ်၊ ကြယ်ငယ် သန်းထောင်ပေါင်းများစွာဖြင့် ဖွဲ့စည်း၍ထားသော စကြဝဠာကြီးငယ်များသည် အတိုင်းအဆမရှိသကဲ့သို့ ထင်မှတ်ရသော အနန္တဟင်းလင်းပြင်ကြီးအတွင်း ရွေ့လျားပြေးလွှားလျက် ရှိရာတွင်လည်းကောင်း၊ ရုပ်နုရုပ်ကြည်ကလေးများသည်လည်း အတိုင်းအဆအားဖြင့် အလွန်တရာသေးငယ်လှသော အနုကမ္ဘာ၏ဟင်းလင်းပြင်အတွင်း ရွေ့လျားပြေးလွှားလျက် ရှိရာတွင်လည်းကောင်း ကမ္ဘာလောက၏ အမြင့်ဆုံးဖြစ်သော အလင်း၏အလျင်ကို အဘယ်သို့ ဆောင်နိုင်ကြသနည်း။ ထပ်တူထပ်မျှ ဖြစ်နေရသနည်း။

ကမ္ဘာလောကကြီး၏ အမြင့်ဆုံးဖြစ်သော အလင်း၏အလျင်သည် အတိုင်းအဆမရှိသလောက် ကြီးကျယ်လှသည် ထင်မှတ်ရသော မဟာစကြဝဠာနှင့် အတိုင်းအဆမရှိသလောက် သေးငယ်လှသည် ထင်မှတ်ရသော အနုစကြဝဠာတို့တွင် တစ်သဘောတည်းဆောင်ကာ စည်းလုံးညီညွတ်လျက် ရှိကြ၏။ လူသည် သူ၏အသိတရား၊ အလိမ္မာတရားများဖြင့် ယင်းပဟေဠိကို ရှင်းလင်းဖွင့်ဆို နိုင်ပါဦးမည်လော။ ထို့ကြောင့်ပင် အနုစကြာဝဠာနှင့် မဟာစကြဝဠာများအတွင်းသို့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်လေ့လာခြင်း ပြုခဲ့ကြရာမှ ယခုအခါ ကမ္ဘာလောကကြီး၏ကြမ္မာများ၊ အကြောင်းများနှင့် ပတ်သက်သော လူတို့၏ အသိတရား၊ အလိမ္မာတရားများသည် လမ်းဆုံလမ်းခွသို့ ရောက်ရှိမှန်းမသိ ရောက်ရှိလာခဲ့ကြပြီဟု ဆိုရခြင်းဖြစ်၏။

❒

mgyoe.com

mgyoe.com

# (၂) လူနှင့် ဂုဏ်အသိအလိမ္မာတရား

The dispute over the reality or non-reality of thinking which is isolated from practice is a purely scholastic question... The philosophers have only interpreted the world in various ways; the point however is to change it.

Karl Marx.

Freedom consists in the control over ourselves and over external nature, a control founded on knowledge of natural necessity; it is therefore necessarily a product of historical development.

Frederick Engels.

## ၁။ အသိအလိမ္မာတရား၏ သော့ချက်

လူ၏ အသိအလိမ္မာတရားသည် အခြားအခြားသော သတ္တဝါများ၌လည်း သဘာဝအလျောက် ရတတ်ကြသော ပဋိသန္ဓေစိတ်ခေါ် မွေးရာပါ အသိအဆင့်အခြေမှ စဉ်းစားကြံစည်၍လည်းကောင်း၊ ဆင်ခြင်ကြံဆ၍လည်းကောင်း သိတတ်သောအဆင့် အခြေသို့ တက်လှမ်းလှည့်ပြောင်းလာခဲ့သော သမိုင်း၏ အရဏ်တက်ချိန်များလောက်မှ အစပြုကာ မိမိနှင့် မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီးတို့၏ အပိုင်းအခြားနှင့် အဆက်အစပ်တို့ကို ဝိုးတဝါးတွေ့ရှိစပြုလာခဲ့ပြီဖြစ်၍ မိမိကိုယ်ကိုလည်းကောင်း၊ ကမ္ဘာလောကကြီးကိုလည်းကောင်း၊ မိမိနှင့် ကမ္ဘာလောကကြီးတို့၏ဆက်ဆံရေး စသည်တို့ကို

mgyoe.com
လည်းကောင်း သိရှိနားလည်နိုင်ရေးအတွက် လူအဆက်ဆက်တို့သည် အတောမသတ်နှင့် မမောမပန်း ကြိုးစားအားထုတ်ခဲ့ကြ၏။ အထူးသဖြင့် မိမိနေထိုင်ခြင်းပြုရသော ကမ္ဘာလောကကြီး၏ ကြမ္မာနှင့်အကြောင်းများကို သိရှိနားလည်နိုင်ရေးနှင့် ရှင်းလင်းဖွင့်ဆိုနိုင်ရေးများအတွက် ကြောင့်ကြစိုက်ခဲ့ကြ၏။ ထိုအကြောင်းကို ဆိုခဲ့ပြီ။ ယင်းကြိုးပမ်းအားထုတ်မှုသည် လူ့အနွယ်ကြီး၏ သက်တမ်းနှင့်အမျှ ဟောင်းမြင်းအိုမင်းလျက် ရှိ၏။ တစ်ချိန်တည်းမှာပင် ထိုအားထုတ်ကြိုးပမ်းမှုသည် အားကောင်းနေဆဲနှင့် သစ်လွင်နုပျိုနေဆဲလည်း ဖြစ်၏။ ဤကမ္ဘာလောကကြီးတွင် လူ့အနွယ်ဝင်များ အသက်ရှင်တည်တံ့လျက် ရှိနေသေးသမျှသော ကာလပတ်လုံး ယင်းဝီရိယစိုက်ထုတ်မှုသည် ရှိနေလိမ့်ဦးမည်သာ ဖြစ်၏။ ထိုအကြောင်းကိုလည်း ဆိုခဲ့ပြီ။

အဟိတ်ဟုဆိုသော အခြားသော သတ္တဝါများကဲ့သို့ မိမိတို့တွင် သဘာဝအလျောက် ရတတ်ကြသော မွေးရာပါအသိ အဆင့်အခြေမျှလောက်နှင့် ရပ်တန့်မနေသေးဘဲ၊ တင်းတိမ်ရောင့်ရဲခြင်း မပြုနိုင်သေးဘဲ အဘယ့်အတွက် လူသတ္တဝါသည် အသိအလိမ္မာတရားများ ထူးခြားလွန်ကဲလိုရသနည်း။ ပိုမောက်လိုရသနည်း။ သဘာဝက ဖန်တီးထားရှိသော ဇီဝကိစ္စဆိုင်ရာ နိယာမနှင့် ဥပဒေစည်းကမ်း ဘောင်များအတွင်းမှ ရုန်း၍ကန်၍ထွက်ကာ မိမိ၏ကြမ္မာနှင့် မိမိအကြောင်းမှစ၍ အပိုင်းအခြား မသိနိုင်လောက်အောင် ကျယ်ပြန့်နက်ရှိုင်းသော ကမ္ဘာလောကကြီး၏ ကြမ္မာနှင့်အကြောင်းများကို လက်ကုန်နှိုက် သိရှိလိုရသနည်း။ တစ်ဖက်ကမ်းခတ် ပေါက်ရောက်လိုရသနည်း။ မိမိနှင့်တကွ ကမ္ဘာလောကကြီးတို့၏ အကြောင်းအရာများကို လူသတ္တဝါသည် အကြွင်းမဲ့ပေါက်မြောက် သိနိုင်ရာသလော။

အခြားတစ်ဖက်တွင်လည်း ဉာဏ်ပညာဟု ခေါ်ဝေါ်လျက်ရှိကြသော လူ၏အသိအလိမ္မာတရားဆိုသည်မှာ အဘယ်နည်း။ ယင်း အသိအလိမ္မာခေါ် ဉာဏ်ပညာသည် အဘယ်ကဲ့သို့ ဖြစ်ပေါ်ဖွံ့ဖြိုးလာသော၊ တိုးတက်စည်ပင်လာသော အရာဝတ္ထုဖြစ်သနည်း။ သူ့ဟာသူ သဘာဝအလျောက် သို့မဟုတ် အလိုအလျောက်ဖြစ်ထွန်းလာသော ဝတ္ထုပစ္စည်းအမျိုးအစားထဲက ဖြစ်သလော။ တစ်ဆက်တည်းမှာပင် လူသတ္တဝါ၏ အသိအလိမ္မာတရားဆိုသည်မှာ အကန့်အသတ် အပိုင်းအခြားမရှိသော အရာဝတ္ထုအမျိုးအစား ဖြစ်သလော။

လူသတ္တဝါ၏ အသိအလိမ္မာတရား ဖွံ့ဖြိုးဖြစ်ပေါ်လာမှု၊ တိုးတက်စည်ပင်လာမှု၊ ယင်း၏အပိုင်းအခြားနှင့် အကန့်အသတ်၊ အသိအလိမ္မာတရားနှင့်ပတ်သက်၍ လွန်ကဲလျက်ရှိသော လူ၏အလိုဆန္ဒ စသည်တို့သည် တစ်ခုနှင့်တစ်ခု ရင်းရင်းနှီးနှီး နှောင်ဖွဲ့ဆက်စပ်လျက် ရှိကြ၏။ ကြောင်းကျိုးဆက်တရားအရ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုလျက် ကျေးဇူးဥပကာရပြုလျက် ရှိကြ၏။

ပဋိသန္ဓေစိတ်ခေါ် မွေးရာပါအသိအဆင့်အခြေမှ စဉ်းစားကြံစည်၍လည်းကောင်း၊
mgyoe.com

mgyoe.com
ဆင်ခြင်ကြံဆ၍လည်းကောင်း သိတတ်သောအသိ၏ အဆင်အခြေသို့ လူသည် အဘယ်သို့ တက်လှမ်းလှည့်ပြောင်းနိုင်ခဲ့သနည်း။ အဘယ်ကြောင့် တက်လှမ်းလှည့်ပြောင်းနိုင်ခဲ့သနည်း။ ယင်းအလှည့်အပြောင်းသည်ပင် လူသတ္တဝါ၏ အသိအလိမ္မာတရားဖြစ်ပေါ် ဖွံ့ဖြိုးမှု၊ တိုးတက်စည်ပင်မှုနှင့် အပိုင်းအခြား အကန့်အသတ်စသည်တို့၏ သော့ချက် ဖြစ်၏။

သို့ဖြစ်လျှင် ယင်းသော့ချက်ကို အဘယ်မှာရှာမည်နည်း။

သူ၏ အစစ်ဆေး အရွေးချယ် မခံနိုင်ခဲ့လျှင်၊ သို့မဟုတ် မှတ်ကျောက် အတင်မခံနိုင်ခဲ့လျှင် သဘာဝအရိုင်းသည် ရှင်းလင်းဖျက်သိမ်းတတ်သော သဘောရှိ၏။ ထိုနိယာမကို တိတိကျကျနှင့် ရက်ရက်စက်စက် ကိုင်တွယ်ကျင့်သုံးတတ်သော သဘောလည်း ဆောင်၏။ သက်မဲ့ဖြစ်စေ၊ သက်ရှိဖြစ်စေ သဘာဝအရိုင်းသည် မည်သူ့ကိုမျှ မထောက်ထားမငဲ့ကွက်တတ်။ သက်မဲ့ရုပ်များတွင် အသေးမွှားဆုံးဆိုကြသော ရုပ်နုရုပ်ကြည်ကလေးများကအစ ဧရာမကြယ်ဘီလူးကြီးများနှင့် နဂါးငွေ့တန်းခေါ် စကြဝဠာကြီးများကိုပါ ချမ်းသာပေးရိုးမရှိ။ သက်ရှိရုပ်များတွင်လည်း ကပ်ပါးပိုးမွှားကလေးများကအစ အလွန်တရာ သန်စွမ်းကြီးခိုင်ခြင်းရှိသော ဒိုင်နော့ဆောသတ္တဝါကြီးများပါ မချန် ရှင်းလင်းသုတ်သင်တတ်၏။

သူ၏ မှတ်ကျောက်အတင်မခံနိုင်လျှင် ရက်ရက်စက်စက် ဖျက်သိမ်းခြင်းပြုလေ့ရှိသော သဘာဝအရိုင်းကြီးနှင့် ယင်း၏ အစစ်ဆေး အရွေးချယ်ခံ ဘဝ၊ အချုပ်ချယ်ခံဘဝများမှ ကျွတ်လွတ်နိုင်ရေးအတွက် လူသတ္တဝါသည် ကိုယ်စွမ်းကိုယ်စထုတ်ကာ တိုက်လှန်ခြင်းပြုကြောင်း အထက်တွင် ရည်ညွှန်းခဲ့ပြီ။ မျောက်နှင့် မျောက်ဝံသာသာဖြစ်သော သတ္တဝါက သဘာဝအရိုင်းကြီးကို အာခံသောသတ္တိမှာ သေးငယ်သောကိစ္စမဟုတ်၊ သာမန် အလုပ်လည်း မဟုတ်ပေ။ အလွန်တရာ ပြင်းထန်ကြီးမားသော လုပ်ငန်း၊ သို့မဟုတ် တိုက်ပွဲကြီးတစ်ခုဖြစ်၏။ နှစ်ပရိစ္ဆေဒကြာမြင့်စွာ ဖွဲကောင်းကောင်းနှင့် တိုက်ခိုက်ခြင်း ပြုခဲ့ရသော ရေရှည်စစ်ပွဲလည်း ဖြစ်၏။

လူသတ္တဝါ၏ ကျွတ်လွတ်ရေးတိုက်ပွဲသည် သဘာဝအရိုင်းနှင့်မျှသာ မဟုတ်သေး။ လူ့အစည်းအရုံးအတွင်း လူမှုရေးကျွတ်လွတ်မှု တိုက်ပွဲကိုလည်း ဆင်နွှဲရ၏။ လူ့အစည်းအရုံးအတွင်းဆိုင်ရာ လူမှုရေး၊ သို့မဟုတ် လူတန်းစား ကျွတ်လွတ်ရေးတိုက်ပွဲကိုလည်း လူသည် နှစ်ထောင်နှင့်ချီ၍ ဆင်နွှဲခဲ့ရ၏။

ယင်းသို့ သဘာဝအရိုင်းနှင့် လူမှုရေးဖိနှိပ်မှုနှင့် ချုပ်ချယ်မှုများ၊ အနှောင်အဖွဲ့များမှ ကျွတ်လွတ်နိုင်ရေးအတွက် လူ့အနွယ်ဝင်များ ကုန်းရုန်းဆင်နွှဲခြင်းပြုခဲ့ကြရသော လူနှင့် သဘာဝအရိုင်းတို့၏ ပဋိပက္ခ၊ လူ့အဖွဲ့အစည်းအတွင်း လူတန်းစားပဋိပက္ခများတွင် ယင်းသော့ချက်ကို ရှာဖွေရနိုင်ကောင်းရာ၏။ အခြား အရပ်တစ်ပါးပါးတွင် တောနင်းရှာဖွေ၍ကား တွေ့ရှိရလိမ့်မည် မဟုတ်ပေ။ မိုးမှောင်ကျလျက်ရှိသော ညသန်းခေါင်ယံအချိန်တွင်
mgyoe.com

mgyoe.com
အလွန်နက်သော တောအုပ်ကြီးအတွင်းရှိ ဥမင်လိုဏ်ခေါင်းအတွင်း မရှိသော ကြောင်နက်ကြီးတစ်ကောင်ကို ရှာဖွေဖမ်းဆီး၍သာ ရနိုင်ကောင်း၏။

၂။ လူသတ္တဝါ၏ ရန်းကန်မှု

လူသည် မူလက ကာယစွမ်းပကားအရ အခြားအခြားသော သတ္တဝါများနှင့် နှိုင်းဆလိုက်သောအခါ အလွန်တရာ သိမ်ဖျင်းချုချာသော သတ္တဝါမျှသာ ဖြစ်၏။ သူ့တွင် သူ၏သားချင်းများဖြစ်သော မျောက်ဝံကြီးများကဲ့သို့ အားခွန်ဗလ မရတတ်။ သမင်၊ ဒရယ်နှင့် ယုန်ငယ်ကလေးများကဲ့သို့လည်း သူသည် အပြေးသန်သူမဟုတ်။ ရန်သူကို ခုခံရန်အတွက် သူ့တွင် အစွယ်၊ ဦးချိုနှင့် လက်သည်းခြေသည်းများလည်း မရှိ။ ဇီဝကိစ္စနှင့် နှိုင်းရတရားအရ ယင်းသို့ သိမ်ဖျင်းချုချာလှသော လူသတ္တဝါသည် အခြားအခြားသော တိရစ္ဆာန်များ၌ ကိုယ်စီ ကိုယ်ငှ ရတတ်ကြသော ပဋိသန္ဓေစိတ်ခေါ် မွေးရာပါ အသိအလိမ္မာတရားကလေးများလောက်ဖြင့် သူ့သဘော သူဆောင်လျက်ရှိသော သဘာဝအရိုင်းကြီးအတွင်း သူ၏အသက်ကို မွေးမြူစောင့်ရှောက်ခြင်း ပြုခဲ့ရသော သတ္တဝါမျှသာ ဖြစ်၏။

ကာယစွမ်းပကားကလည်း ပြောပလောက်အောင် မရှိ၊ အသိအလိမ္မာတရားကလည်း အခြားအခြားသော သတ္တဝါများနှင့် ပိန်မသာလိန်မသာ မျှသာဖြစ်သော ဘဝအခြေမျိုးဖြင့် သဘာဝအရိုင်းကြီးကို ရင်ဆိုင်ကာ အသက်ရှင်နေထိုင်ရသော အမှုသည် အဘယ်မျှ အန္တရာယ်များသော၊ ခက်ခဲကျပ်တည်းသော အမှုဖြစ်သနည်း။ ရန်စွယ်နှင့် ငေါငေါနိုင်လှသော သဘာဝပတ်ဝန်းကျင်တွင် မျက်လုံးသူငယ်နှင့် ယောင်တီးယောင်တ အသက်ရှင်လာခဲ့ရသော သတ္တဝါလည်း ဖြစ်၏။

ပဋိသန္ဓေစိတ်ဆိုကြသော မွေးရာပါ အသိဆိုသည်မှာ မိမိနှင့် မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီးတို့အကြား သာမန်မျှလောက်သာ ဆက်သွယ်ခြင်းပြုနိုင်သော အသိအမျိုးအစားဖြစ်၏။ သက်ရှိရုပ်တိုင်းတွင် သဘာဝအလျောက် ရတတ်ကြသော ဝတ္ထုပစ္စည်းလည်း ဖြစ်၏။ ထို့ကြောင့် အလွန်တရာအဆင့်နိမ့်သော၊ သို့မဟုတ် ဖွံ့ဖြိုးမှုမရှိသေးသော သတ္တဝါနှင့် ကမ္ဘာလောကကြီးတို့၏ ဆက်သွယ်ရေးအသိဟု ဆိုကြ၏။ မြန်မာစကားနှင့် အလွယ်ကူဆုံးဖြစ်အောင် ရှင်းလင်းပြောကြားရမည်ဆိုလျှင် ကျောချမှ ဓားပြမှန်းသိတတ်သော အသိအလိမ္မာတရားမျိုးပင် ဖြစ်၏။ ထို့ကြောင့် ဒါဝင်အမှူးပြုသော သဘာဝတ္ထုပညာရှင်ကြီးများက အစပြုကာ ခေတ်သစ် မနုဝင်နှင့် မနုဿဗေဒပညာရှင်များက သမိုင်းမတိုင်မီ ပဝေသဏီက မွေးရာပါအသိလောက်မျှဖြင့် အသက်ရှင်နေထိုင်ခြင်း ပြုခဲ့ကြရသော လူ့အနွယ်တို့၏ ဘိုးဘေးများကို တိရစ္ဆာန်အမျိုးအနွယ်ထဲမှ အမျိုးအစားတစ်မျိုးမျှသာ ဖြစ်ကြောင်း တိတိလင်းလင်း ပိုင်းခြားသတ်မှတ်ခဲ့ကြခြင်းပင် ဖြစ်၏။ ထိုအချက်ကို ယခုခေတ်အခါတွင် အငြင်းပွားလိုသူများ ရှားပါးသွားလောက်ပြီ ထင်၏။
mgyoe.com

mgyoe.com

သဘာဝအရိုင်း၏ယင်းသို့ လေးဖက်ကုန်း လှုပ်ရှားသွားလာခိုင်းထားသော၊ အသက်ရှင် နေထိုင်ခိုင်းထားသော ဇီဝကိစ္စဆိုင်ရာ ဘဝအခြေနှင့် ဥပဒေစည်းမျဉ်းဘောင်များကို လူသတ္တဝါသည် အခြား၊ အခြားသောသတ္တဝါများလို ခေါင်းငုံ့၍မခံ။ ရိုက်ချိုးမှောက်လှန်ကာ ကိုယ့်ခြေနှစ်ချောင်းနှင့် ကိုယ် မတ်မတ်ရပ်လိုက်၏။ မလဲမပြိုဘဲ မတ်မတ်ရပ် လှုပ်ရှားသွားလာနိုင်အောင် စွမ်း ပကားထုတ်ခဲ့၏။ ယင်းသို့ရဲစွမ်းသတ္တိနှင့် လုပ်အားစွမ်းပကား ထုတ်နိုင်ခဲ့သောကြောင့်လည်း လေးဖက်ထောက် သွားလာလှုပ်ရှားခြင်းပြုရသော ဘဝအခြေမှ မတ်မတ်ရပ် သွားလာလှုပ်ရှားနိုင်သော ဘဝအခြေသို့ လူသတ္တဝါသည် တက်လှမ်းလှည့်ပြောင်းနိုင်ခဲ့ခြင်းပင် ဖြစ်၏။

ထိုကဲ့သို့ မတ်မတ်ရပ် သွားလာလှုပ်ရှားခြင်း ပြုလာနိုင်ခဲ့သော အချိန်ကာလပိုင်းလောက်ကတည်းက တိရစ္ဆာန်အသိမှ အဆင့်မြင့်အသိ၊ သို့မဟုတ် လူ၏အသိဖြစ်ပေါ်ဖွံ့ဖြိုးရန်နှင့် စည်ပင်တိုးတက်ရန်အတွက် လူသတ္တဝါ၏ ကမ္ဘာလောကကြီးနှင့် ဆက်သွယ်ရန်ဖြစ်သော အာရုံခံကိရိယာများ၊ အာရုံကြောစနစ်များနှင့် ဦးနှောက်စသည်တို့တွင် အခြေအနေသစ်များ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာ၏။ အားကောင်းလာ၏။ ထို့ကြောင့် မနုဿဗေဒပညာရှင်များက လေးဖက်ကုန်း သွားလာလှုပ်ရှားနေခဲ့ရရာမှ ကုန်းရုန်း၍ထနိုင်လိုက်သော လူသတ္တဝါ၏တော်လှန်အောင်မြင်မှုကို ကြီးမားလှသော သမိုင်းဝင် အလှည့်အပြောင်းကြီးတစ်ခုအဖြစ်ဖြင့် သတ်မှတ်ကြခြင်းလည်း ဖြစ်၏။

လေးဖက်ထောက် သွားလာလှုပ်ရှားနေခဲ့ရသော ဘဝအဆင့်မှ ကုန်း၍ရုန်း၍ထကာ ကောင်းစွာမတ်မတ်ရပ် သွားလာလှုပ်ရှားခြင်းနှင့် အသက်ရှင်နေထိုင်ခြင်း ပြုလိုက်နိုင်သည်နှင့် တစ်ပြိုင်နက် မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီးကို ဆက်သွယ်ရာ၌လည်းကောင်း၊ ရင်ဆိုင်ယှဉ်ပြိုင်ရာ၌လည်းကောင်း လူသတ္တဝါတွင် ရှေးဦးစွာ ဖွံ့ဖြိုးတိုးတက်လာသော အသီးအပွင့်နှစ်ခုရှိ၏။ ပထမအသီးအပွင့်မှာ ရှေ့ခြေနှစ်ခေါင်းသည် လက်နှစ်ဖက်အဖြစ်သို့ ပြောင်းလဲဖွံ့ဖြိုးလာခြင်း ဖြစ်၏။ ဒုတိယအသီးအပွင့်မှာ မူလက ဝါးတစ်ပြန်လောက်သာ ရှိတတ်သော မိုးကုပ်စက်ဝိုင်းအမြင်ကို ဝေးဝေးလံလံနှင့် ကျယ်ကျယ်ဝန်းဝန်းဆန့်ထုတ်လိုက်သော မျက်လုံးနှစ်လုံးတို့၏ အာနိသင်ပင်ဖြစ်၏။ ယခင်က ကမ္ဘာမြေကြီး၏အဆွဲအငင်နှင့် အနှောင်အတည်းခံခဲ့ရသော ရှေ့ခြေနှစ်ချောင်း သည် သဘာဝအရိုင်းကိုယှဉ်ပြိုင်တိုက်လှန်ရန်အတွက် အတိုင်းအဆမရှိသော လက်နက်နှင့် ကိရိယာတန်ဆာပလာဖြစ်လာသကဲ့သို့ လေးဖက်ထောက် သွားလာလှုပ်ရှားခြင်း ပြုခဲ့ရစဉ်ကာလများက တိုတိုတောင်းတောင်းနှင့် ကျဉ်းကျဉ်းမြောင်းမြောင်းလောက်သာ ကြည့်နိုင် မြင်နိုင်စွမ်းရှိခဲ့သော မျက်လုံးများသည် အတိုင်းအဆမရှိ၊ ဝေးဝေးလံလံ ကျယ်ကျယ်ဝန်းဝန်းနှင့် နက်နက်ရှိုင်းရှိုင်း ကြည့်နိုင် မြင်နိုင်စွမ်းရှိလာ၏။

ယင်းသို့ အဆင့်မြင့်အသိ၊ သို့မဟုတ် လူ၏အသိအဆင့်များသို့ တက်လှမ်းလှည့်

mgyoe.com

mgyoe.com
ပြောင်းနိုင်ရေးအတွက် ဇီဝကိစ္စဆိုင်ရာ အခြေအနေသစ်များ မပြင်ဆင် မဖန်တီးနိုင်မီကပင် လူ့အနွယ်အဝင်များတွင် အခြားအခြားသော အဆင့်မြင့်သတ္တဝါများတွင်လည်း ရတတ်ကြသော အအုပ်အသင်းဖွဲ့ကာ ဆက်ဆံနေထိုင်တတ်ကြသော အလေ့အကျင့်နှင့် အရည်အချင်းများ ရတတ်ပြီးဖြစ်၏။ ဒါဝင်အမျိုးပြုသော မနုဝင်နှင့် မနုဿဗေဒပညာရှင်များ၏ အလိုအရ လူ့အနွယ်ဦးများသည် ရှေးလွန်လေပြီးသော နှစ်သန်းပေါင်းများစွာက ကမ္ဘာ့သမပိုင်း မြက်ခင်းပြင်ကြီးများတွင် လေးဖက်ထောက် သွားလာလှုပ်ရှားရင်း နေထိုင်ခဲ့ရသော အချိန်ကာလများကတည်းက လူ့အနွယ်ဦးများသည် အထီးကျန်နေထိုင်တတ်ကြသည် မဟုတ်မူဘဲ အအုပ်အသင်းဖွဲ့စည်းကာစုဝေးဆက်ဆံရန် နေထိုင်လေ့ရှိကြသော သတ္တဝါအမျိုးအစားလည်း ဖြစ်သည်ဟုဆို၏။

ဤကဲ့သို့ အအုပ်အသင်းနှင့် စုဝေးဆက်ဆံ နေထိုင်တတ်လာခဲ့ကြခြင်းမှာ သဘာဝအလျောက်ဖြစ်လာသော အသိအလိမ္မာတရားကား မဟုတ်ပေ။ ၎င်းတို့ကျက်စားနေထိုင်ရာ သဘာဝပတ်ဝန်းကျင်က ရှေ့ဆောင်ပေးခဲ့သော အသိဖြစ်၏။ ထိုစဉ်က လူတို့ကျက်စားနေထိုင်ခဲ့ကြသော သမပိုင်းမြက်ခင်းပြင်ကြီးများတွင် လူတို့ထက် အားခွန်ဗလတွင်ရော၊ စွမ်းပကားတွင်ပါ အဘက်ဘက်က သာလွန်ဖွံ့ဖြိုးလျက်ရှိသော အခြားသားရဲနှင့် သားစားသတ္တဝါများကို တိုက်လှန်ရန်အတွက် လူသတ္တဝါသည် မိမိတို့အချင်းချင်း စုပေါင်းဆက်ဆံခြင်း လက်နက်မှတစ်ပါး အခြားနည်းလမ်းမရှိချေ။ ထို့ကြောင့် မနုဝင်နှင့် မနုဿဗေဒပညာရှင်များက လူ့အနွယ်ဦးများသည် ပဋိသန္ဓေစိတ် အသိအဆင့်အခြေနှင့် ဘဝများတုန်းကတည်းကပင် ပတ်ဝန်းကျင် သဘာဝအရိုင်း၏ ဖိစီး ထိုးနှက်မှုများကြောင့် ယင်းကဲ့သို့ အအုပ်အသင်းဖွဲ့စည်းကာ အချင်းချင်းဆက်ဆံရင်း၊ သမဝါယမပြုရင်း နေထိုင်တတ်လာခဲ့ကြခြင်း ဖြစ်ရာသည်ဆို၏။ ယင်းသို့မှ သိမ်ဖျင်းချူချာလှသော သတ္တဝါများသည် မိမိတို့ ဇာတ်တူသူများအချင်းချင်း ပေါင်းဖွဲ့ဆက်ဆံတတ်ခြင်း မပြုတတ်ခဲ့လျှင်၊ သို့မဟုတ် မပြုနိုင်ခဲ့လျှင် လူ့အနွယ်သည် ယခုကဲ့သို့ ဤကမ္ဘာလောကကြီးတွင် ပေါ်ထွန်းချင်မှ ပေါ်ထွန်းလာနိုင်ရာ၏။

မိမိတို့အချင်းချင်း ပေါင်းဖွဲ့ဆက်ဆံကာ သမဝါယမလည်း ပြုတတ်သော အစည်းအရုံးဝင်သတ္တဝါများကို လက်နက်သစ် ကိုယ်စီကိုယ်ငှ တပ်ဆင်ပေးလိုက်ပြီးနောက် သူတို့၏မိုးကုပ်စက်ဝိုင်းကိုပါ ရှည်ရှည်ဝေးဝေးနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆန့်ထုတ်ပေးလိုက်သောအခါ ထိုသတ္တဝါများ၏ အစည်းအရုံးသည် အဘယ်ကဲ့သို့သော အစည်းအရုံးမျိုး ဖြစ်လာလိမ့်မည်နည်း။ သဘာဝအရိုင်းကို နင်လားငါလား ယှဉ်ပြိုင်အန်တုနိုင်သော အစည်းအရုံးတစ်ခု ဖြစ်လာနိုင်စရာအကြောင်း မရှိရာသလော။

လူဆိုသော သတ္တဝါသည် သူ၏ ခြေနှစ်ချောင်းကို လက်နက်သစ်အဖြစ်ဖြင့် ဖန်တီးလှည့်ပြောင်းကာ သူ၏မိုးကုပ်စက်ဝိုင်းကိုလည်း ကောင်းစွာ တိုးချဲ့နိုင်ခဲ့ပြီးနောက်
mgyoe.com

mgyoe.com
ထိုမျှလောက်နှင့် မရပ်မနေ၊ သူ၏စွမ်းပကားကို တိုးချဲ့ပြီးရင်း တိုးချဲ့ရန် ဆက်လက်အားထုတ်မြဲထုတ်ခဲ့၏။ သဘာဝအရိုင်း၏ အစစ်ဆေးအရွေးချယ်ခံ ဘဝအခြေမျိုးမှ ကျွတ်လွတ်နိုင်သမျှ ကျွတ်လွတ်အောင် မနားမနေ ရုန်းကန်ခဲ့၏။

## ၃။ ဘာသာစကားနှင့် ဦးနှောက်

လူသတ္တဝါသည် သူ၏ အသက်ရှင် တည်တံ့နိုင်ရေးအတွက် တစ်စထက်တစ်စ ထက်မြက်လာသော စွမ်းပကားများဖြင့် သူ၏ပတ်ဝန်းကျင်ရှိ သဘာဝအရိုင်းကို ယှဉ်ပြိုင်နိုင်စွမ်း၊ အန်တုနိုင်စွမ်းရှိလာ၏။ ယင်းသို့ ပတ်ဝန်းကျင်သဘာဝနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရင်း၊ အန်တုဆက်ဆံရင်း ထွေထူးများပြားသော အထိအတွေ့များ၊ အတွေ့အကြုံများနှင့် ဆက်ဆံမှုများကို တစ်စတစ်စ စုဆောင်းမိလာ၏။ အရပ်ရပ်အတွေ့အကြုံများ ကြွယ်ဝလာ၏။ လူသတ္တဝါသည် သဘာဝအရိုင်းကို ရင်ဆိုင်ရာ၌ အထီးကျန်မဟုတ်မူဘဲ အစည်းအရုံးဖြင့် ရင်ဆိုင်ရသည်ဖြစ်ရကား တစ်ခုသော အခြေအနေနှင့် အဆင့်တွင် မိမိတို့အစည်းအရုံးဝင်များ အချင်းချင်း အတွေ့အကြုံနှင့် အသိချင်းဆက်သွယ်ရန်နှင့် ဖလှယ်ရန်အတွက် ရှေးဦးစွာ မွေးရာပါ အသိဆိုင်ရာအသံများ မြည်လာထွက်လာ၏။ ထိုသို့ လူ၏လည်ချောင်းအတွင်းမှ ထွက်လာ၊ မြည်လာသော အသံဗလံများသည် အစပထမတွင် ပီပီပြင်ပြင် ရှိနိုင်လိမ့်မည်ကား မဟုတ်ပေ။ ဘူးလုံး နားမထွင်းသကဲ့သို့ ဗလုံးဗထွေး ရှိနေလိမ့်မည်သာဖြစ်၏။ သို့ရာတွင် အလေ့အကျင့် များပြားကြွယ်ဝလာသောအခါ တစ်စထက်တစ်စ သဲကွဲပီပြင်လာနိုင်ရာ၏။ အကြောင်းအရာတစ်ခု၊ အဖြစ်အပျက်တစ်ခုနှင့် အရာဝတ္ထုတစ်ခုအတွက် လူ့အစည်းအရုံးဝင်များအားလုံး နားလည်သော အသံဗလံများ ပီပီပြင်ပြင် ဖြစ်လာနိုင်၏။

ထိုမှတစ်ဆင့် လူတို့အဖွဲ့ဝင်များသည် အသိအမြင်ချင်း၊ အလိုဆန္ဒချင်းနှင့် အတွေ့အကြုံချင်း ဖလှယ်သော၊ ဆက်သွယ်သော စကားကို တစ်စတစ်စ ထူထောင်လိုက်ကြ၏။ ယင်းသို့ အသိအလိမ္မာချင်းဖလှယ်သော၊ သို့မဟုတ် စိတ်ချင်းဆက်သွယ်သော ယာဉ်တစ်ရပ်ကို ထူထောင်ခြင်းသည် မနုဝင်တွင် လူ့အဖွဲ့၏အလွန်တရာ ကြီးမားထူးခြားသော အလှည့်အပြောင်းကြီးအဖြစ်ဖြင့် မနုဿဗေဒပညာရှင်များက တညီတညွတ်တည်း သဘောထားသတ်မှတ်ကြ၏။

ဘာသာစကားသည် လူသတ္တဝါ၏အသိအလိမ္မာတရား ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်တရာ ကျေးဇူးဥပကာရပြုသော ယာဉ်ဖြစ်၏။ အထည်ကိုယ်နှင့် ဒြပ်မရှိသဖြင့် ဆုပ်ကိုင်မရသော လူသတ္တဝါ၏ အရပ်ရပ် စိတ်လှုပ်ရှားမှုများနှင့် အသိတရားများကို ဘာသာစကားကြောင့် အကောင်အထည်ဖော်ကာ ဆုပ်ကိုင်ခြင်းပြုနိုင်သည် မဟုတ်သလော။ လူ့အဆက်ဆက် စုဆောင်းရရှိခဲ့သော အရပ်ရပ်အတွေ့အကြုံများနှင့် အသိတရား၊ အလိမ္မာတရားများကိုလည်း လူတစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်း အမွေပေးနိုင်သည် မဟုတ်သလော။
mgyoe.com

mgyoe.com

ထိုမျှသာလျှင် မဟုတ်သေး၊ ဘာသာစကားကြောင့် လူ့သတ္တဝါသည် စဉ်းစားနိုင်စွမ်း၊ ဆင်ခြင်နိုင်စွမ်းနှင့် ကြံဆနိုင်စွမ်းများပါ ဖွံ့ဖြိုးကောင်းမွန်လာ၏။ အချို့သော သဘာဝတ္တပညာရှင်များက ဆိုလျှင် ဘာသာစကားသာ မရှိခဲ့ပါမူ လူ့သတ္တဝါတွင် စဉ်းစားကြံစည်နိုင်သော အသိသော်လည်းကောင်း၊ ဆင်ခြင်ကြံဆနိုင်သော အလိမ္မာသော်လည်းကောင်း ရတတ်ကြလိမ့်မည် မဟုတ်ဟုပင် မိန့်ဆိုလျက်ရှိကြ၏။ အချို့သော ပညာရှင်များကလည်း ဘာသာစကားသည် လူ့သတ္တဝါ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ကြီးကြီးမားမား အထောက်အပံ့ပြုသည်ဟု ယူဆလျက်ရှိကြ၏။

ခေတ်သစ် ဇီဝကိစ္စဗေဒပညာရပ်တွင် သတ္တဝါ၏ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုတွင် သက်ရောက်တတ်သော အကျိုးအပြစ် တစ်ခုခုသည် ကျန် ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုလည်း အကျိုး သို့မဟုတ် အပြစ်ပြုတတ်သည်ဆိုသော နိယာမတစ်ခုရှိ၏။ ဆရာကြီးဒါဝင်က ယင်းနိယာမကို "အညမညဖြစ်ပေါ်မှု" ဟု မိန့်ဆိုခဲ့၏။ လူ့သတ္တဝါတွင်လည်း ဘာသာစကားဖွံ့ဖြိုးလာသောအခါ ယင်းနှင့် ရင်းရင်းနှီးနှီး ဆက်စပ်နှောင်ဖွဲ့လျက်ရှိသော နားအကြည်ဓာတ်နှင့် နားအကြားများပါ ဖွံ့ဖြိုးတိုးတက်လာရ၏။

ထိုကဲ့သို့ လေးဖက်ထောက် သွားလာလှုပ်ရှားနေထိုင်သော အသက်ရှင်ရသော ဘဝအခြေမှ မတ်မတ်ရပ် သွားလာလှုပ်ရှားလာကာ အကြားနှင့် အမြင်များကို ကောင်းစွာ တိုးချဲ့လိုက်ပြီးနောက် ဘာသာစကားကို ထူထောင်နိုင်လိုက်ခြင်းအားဖြင့် လူ့သတ္တဝါ၏ ဇီဝကိစ္စဆိုင်ရာ ဖွဲ့စည်းမှုများတွင်သာမက လူမှုပေါင်းဖွဲ့ဆက်ဆံရေးနှင့် အသိအလိမ္မာတရားဆိုင်ရာ အရပ်ကိစ္စများတွင်ပါ "အညမညဖြစ်ပေါ်မှုနိယာမ" အရ များစွာ ပြောင်းလဲသွား၏။ အထူးသဖြင့် အသိအလိမ္မာတရား ဖြစ်ပေါ်ဖွံ့ဖြိုးရာ ပင်မအလုပ်ရုံဖြစ်သော ဦးနှောက်တွင် မွေးရာပါ အသိအဆင့်အခြေမှ အဆင့်မြင့်အသိ၊ သို့မဟုတ် လူ၏အသိအဆင့်အခြေသို့ တက်လှမ်းလှည့်ပြောင်းရန်အတွက် ရေခံမြေခံများ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းပင် ဖြစ်၏။

ယင်းသို့ဖြင့် လူ့သမိုင်း၏ အရုဏ်ကျင်းချိန်၌ လူ့သတ္တဝါတွင် အသင်းအဖွဲ့၊ လက်နှစ်ဖက်၊ ယင်းလက်နှစ်ဖက်ဖြင့် ထုတ်လုပ်နိုင်သော လက်နက်ကိရိယာနှင့် လုပ်အားစွမ်းပကား၊ လူ့အစည်းအရုံးအတွင်း သမဝါယမ၊ အာရုံကိုကောင်းစွာခံယူနိုင်သော အကြည်ဓာတ်ငါးပါးနှင့် အာရုံကြောစနစ်၊ ဘာသာစကားစသည်တို့ ပြည့်စုံလျက် ရှိကြပြီ။

## ၄။ အတိုင်းအဆနှင့် အပိုင်းအခြားမရှိသော ဝတ္ထုနှစ်ခု

အခြား အခြားသော သတ္တဝါများတွင်လည်း သဘာဝအလျောက် ရတတ်ကြသော ပဋိသန္ဓေစိတ်ခေါ် မွေးရာပါ အသိအဆင့် အခြေမှ စဉ်းစားကြံစည်၍ လည်းကောင်း၊ ဆင်ခြင်ကြံဆ၍ လည်းကောင်း သိတတ်သော အဆင့်မြင့်အသိအခြေသို့ လူ့သတ္တဝါတို့၏အသိ

mgyoe.com

mgyoe.com
အလိမ္မာတရားများ တက်လှမ်းလှည့်ပြောင်းလာခဲ့သော အစဉ်ကို လူ၊ ၎င်း၏အစည်းအရုံးနှင့် သဘာဝတို့၏ဆက်ဆံရေး အပြင်အပတွင် ရှာဖွေတွေ့ရှိရလိမ့်မည် မဟုတ်ချေ။ လူနှင့် ၎င်း၏ပတ်ဝန်းကျင်ဖြစ်သော သဘာဝအရိုင်းတို့၏တိုက်ပွဲသမိုင်းစဉ်အတွင်း၌သာ ရှာဖွေတွေ့ရှိနိုင်ရာ၏။ ထိုအကြောင်းကိုလည်း ဆိုခဲ့ပြီ။ လူနှင့်ပတ်ဝန်းကျင်ဖြစ်သော သဘာဝအရိုင်းတို့၏တိုက်ပွဲဆိုရာ၌ သူ့သဘော သူဆောင်တတ်သော သဘာဝနှင့် ကိုယ့်သဘော ကိုယ်ဆောင်လိုကြသော လူ့အစည်းအရုံးဝင်များ၏ ပဋိပက္ခများပင် ဖြစ်၏။ ပဋိပက္ခဟု ဆိုထားသဖြင့် လူနှင့်သဘာဝတို့၏ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ဩဇာသက်ရောက်မှုနှင့် ဖိစီးမှုများကို နှလုံးသွင်းရာ၏။

သဘာဝသည် သူ့သဘောသူဆောင်တတ်သော သဘောရှိ၏။ ယင်းသို့ သူ့သဘောသူဆောင်ခြင်းအမှု၌ ဘယ်သောအခါမျှ ဖောက်ပြန်ခြင်းသော်လည်းကောင်း၊ သွေဖည်ခြင်းသော်လည်းကောင်း မရှိတတ်။ အလားတူ နောက်ဆုတ်ခြင်းလည်း မပြုတတ်။ တစ်သမတ်တည်း ဖြစ်၏။ အလွန်တရာ တိကျမှန်ကန်ခြင်းလည်း ရှိ၏။ တိကျခြင်းရှိသော သိပ္ပံဟုဆိုရသော သင်္ချာပညာရပ်နှင့် တွက်ချက်၍သော်လည်းကောင်း၊ ဟောကိန်းထုတ်၍သော်လည်းကောင်း ရ၏။ ယင်းသို့ သူ့သဘောနှင့်သူ တိတိကျကျဆောင်တတ်သော သဘော၊ သို့မဟုတ် ဓမ္မကို လူတို့မသိမမီတတ်မီက သဘာဝကို ဗရမ်းဗတာဟု ထင်ကြ၏။ အချို့ကလည်း အရိုင်းဟူ၍ ဆိုကြ၏။

လူသည် အခြားအခြားသော သတ္တဝါများနှင့် ဘာမှမခြား အသက်ရှင် နေထိုင်ခဲ့ရစဉ် သမိုင်းမတိုင်မီကာလများက သူ့သဘောသူဆောင်လျက်ရှိသော သဘာဝ၏စီရင်ပြုပြင်သမျှနှင့် ခန့်ခွဲသမျှကို မတွန်းနိုင်၊ မလှန်နိုင်ဘဲ ဇက်စင်းခံခဲ့ရသော သတ္တဝါမျှသာဖြစ်၏။ ထို့ကြောင့် သဘာဝ၏မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ သူ၏အထိုက်အလျောက်လိုက်လျောညီထွေ ကျင့်ကြံနေထိုင်ခဲ့ရသော သတ္တဝါလည်း ဖြစ်၏။ ထို့ကြောင့် သဘာဝသည် အလွန်တရာ ထိတ်လန့်စရာ၊ ကြောက်ရွံ့စရာ ဝတ္ထုကြီးအလားဖြစ်ခဲ့၏။ မကောင်းဆိုးဝါးကောင်ကြီးအလားလည်း ဖြစ်ခဲ့၏။

သို့ရာတွင် သူ့ကို လေးဖက်ထောက် သွားလာနေထိုင် အခိုင်းထားသော သဘာဝ၏အစီအရင်ကို ကိုယ့်စွမ်းပကားနှင့်ကိုယ် မှောက်လှန်ကာ ကိုယ့်ခြေနှစ်ချောင်းဖြင့်ကိုယ် မတ်မတ်ရပ်သွားလာလှုပ်ရှားနိုင်လာကတည်းက လူဆိုသော သတ္တဝါသည် သူ့စိတ်နှင့်သူ့ကိုယ် ဖြစ်လာ၏။ အထူးသဖြင့် အသိအလိမ္မာတရားများ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်စပြုကာ သဘာဝ၏ အစစ်ဆေးအရွေးချယ်ခံဘဝ အခြေမှ တစထက်တစ် ကျွတ်လွတ်စပြုလာသော သမိုင်း၏ အရှုဏ်ကျင်းချိန်များလောက်မှ အစပြုကာ ကိုယ့်သဘော ကိုယ်ဆောင်လိုသော သတ္တဝါဖြစ်လာ၏။ ကိုယ့်ဟန်နှင့်ကိုယ်၊ ကိုယ်အတ္တနှင့်ကိုယ် ဖြစ်မှန်းမသိ ဖြစ်လာ၏။
mgyoe.com

mgyoe.com

သူ့သဘောသူဆောင်လျက်ရှိသော သဘာဝအရိုင်းနှင့် ကိုယ့်ဟန်နှင့်ကိုယ်၊ ကိုယ့်အတ္တနှင့်ကိုယ် ဖြစ်လာခဲ့ပြီးနောက် ကိုယ့်သဘောကိုယ်ဆောင်လိုသော သတ္တဝါအရိုင်းတို့၏ပဋိပက္ခများသည် သမိုင်း၏အရုဏ်တက်ချိန်လောက်မှ အစပြုကာ တစ်စထက်တစ်စ ပြင်းထန်လာရ၏။ သို့ရာတွင် လူသတ္တဝါသည် လူမှုရေးအတွေ့အကြုံမှ အစ သဘာဝအရိုင်းနှင့်ဆက်စပ်သော အတွေ့အကြုံများ အလွန်တရာ ခေါင်းပါးလှသေးရကား မိမိနှင့် မိမိ၏ဗဟိဒ္ဓဖြစ်သော ကမ္ဘာလောကကြီးတို့၏ အဆက်အစပ်နှင့် အပိုင်းအခြားစသည်တို့ကို ကောင်းစွာခြားနား ကွဲပြားခြားနားခြင်း မရှိနိုင်သေးပေ။ ယင်းသို့ မိမိကိုယ်ကိုလည်းကောင်း၊ မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီးတို့၏ အဆက်အစပ် အပိုင်းအခြား စသည်တို့ကို ကွဲကွဲပြားပြား ခြားခြားနားနား သိတတ်ခြင်း မရှိသေးသဖြင့် သဘာဝနှင့် တိုက်ပွဲတိုင်းလိုလိုတွင် ဒုတိယချိတ်ခဲ့ရခြင်းဖြစ်၏။ သဘာဝအရိုင်းနှင့်ယှဉ်ပြိုင်ရာတွင် ကိုယ့်ဘက်ကချည်းလိုလို အရေးနိမ့်ခဲ့ရသောကြောင့် သဘာဝအရိုင်းကြီးကို ဝတ်ပြုကိုးကွယ်သော အမှုကိစ္စများနှင့် ပူဇော်ပသသော အရေးအခင်းများ၊ ရှေးဟောင်းလူ့အဖွဲ့အစည်းများအတွင်း ပေါ်ထွန်းအားကောင်းခဲ့ရခြင်းလည်း ဖြစ်၏။ ယင်းလူ့အဖွဲ့အစည်းများအတွင်း နတ်ဆရာနှင့် မှော်ဆရာများ ဩဇာညောင်းခဲ့ကြခြင်းလည်း ဖြစ်ရာ၏။

မိမိတို့၏အသက်ရှင်တည်တံ့ရေးနှင့် လွတ်ကျွတ်ရေးများအတွက် သမိုင်းအရုဏ်တက်ချိန်လောက်မှအစပြု၍ သဘာဝအရိုင်းနှင့် လူ့အနွယ်ဝင်များ ဘတစ်ပြန်ကျားတစ်ပြန် ဆင်နွှဲခြင်းပြုခဲ့ရသော တိုက်ပွဲများ တစ်စထက်တစ်စ ကျယ်ပြန့် များပြားလာသည်နှင့်အမျှ၊ နက်ရှိုင်းထွေပြားလာသည်နှင့်အမျှ ယင်းအရပ်ရပ် တိုက်ပွဲ အတွေ့အကြုံများမှ လူသည် တရားရှာတတ်၊ ထုတ်တတ်သော သတ္တဝါဖြစ်လာ၏။ မုဆိုးစိုင်သင်ဆိုသော မြန်မာစကားရှိ၏။ အတွေ့အကြုံများအပေါ်တွင် အခြေခံကာ စဉ်းစားကြံစည်တတ်သော၊ ဆင်ခြင်တတ်သော အသိတရား၊ အလိမ္မာတရားများ တစ်စထက်တစ်စ ဖွံ့ဖြိုးကြွယ်ဝလာ၏။ ဝဆော ဘက်စုံလာ၏။ ယင်းသို့အလိမ္မာတရားများ ဘက်စုံကြွယ်ဝလာသည်နှင့်အမျှ မိမိနှင့် မိမိအပဖြစ်သော ကမ္ဘာလောကကြီးတို့၏ အဆက်အစပ်နှင့် အပိုင်းအခြား စသည်တို့ကို တစ်စထက်တစ်စ ကွဲပြားခြားနားစ ပြုလာ၏။

ယင်းသို့ မိမိနှင့် မိမိအပဖြစ်သော ကမ္ဘာလောကကြီးတို့၏ အဆက်အစပ် အပိုင်းအခြားများနှင့်ပတ်သက်၍ တစ်စတစ်စ ကွဲပြားခြားနားကာ ပီပြင်ကြည်လင်စပြုလာသည်နှင့် အမျှ လူသတ္တဝါသည် သဘာဝအရိုင်းကြီးကို ဩဇာအာဏာ ကြီးမားခဲ့ကြသော နတ်ဆရာ၊ မှော်ဆရာနှင့် ဝတ်ပြုကိုးကွယ်ရေးဆိုင်ရာ ယဉ်ကျေးမှုဟောင်းများ နေရာတွင်လည်း သိပ္ပံအတတ်ပညာနှင့် အနုပညာစသော ယဉ်ကျေးမှုသစ်များဖြင့် တစ်စတစ်စ အစားထိုးလာ၏။

သို့ရာတွင် သဘာဝသည် ပမာဏအားဖြင့်လည်းကောင်း၊ အတိုင်းအဆနှင့်

mgyoe.com

mgyoe.com
စွမ်းပကားအနေဖြင့်လည်းကောင်း အပိုင်းအခြားမရှိသော အရာဝတ္ထုဖြစ်၏။ အစအဆုံး မထင်နိုင်သော အရာဝတ္ထုဖြစ်၏။ အလားတူပင် လူဆိုသော အရာဝတ္ထုသည် အတိုင်းအဆ အနေနှင့် တစ်လံမျှလောက်သာရှိတတ်သော သတ္တဝါဖြစ်စေကာမူ သူ၏လက်နှစ်ဖက်နှင့် ဦးနှောက်တို့၏စွမ်းပကားမူကား အပိုင်းအခြားရှိသော အရာဝတ္ထုမဟုတ်ပေ။ စဆုံးမထင်နိုင်သောကိစ္စဖြစ်၏။ လေးဖက်ကုန်း လှုပ်ရှားသွားလာခဲ့ရသော ဘဝအခြေမှ သူ့စွမ်းပကားနှင့်သူ ကုန်းရုန်းထနိုင်ခဲ့သော အချိန်ကာလပိုင်းလောက်မှစ၍ လူနှင့် သဘာဝအရိုင်းတို့၏တိုက်ပွဲသည် သမိုင်းတစ်လျှောက်လုံး ပြင်းပြင်းထန်ထန် ဖြစ်ပွားလာခဲ့၏။ ရှေ့ဆက်ဦးမည့် သမိုင်းတလျှောက်လုံးလည်း ပြင်းထန်နက်ရှိုင်းရုံမျှသာမက အတိုင်းအဆနှင့် အပိုင်းအခြားပါမရှိသော သို့မဟုတ် တိုက်ပွဲလည်း ဖြစ်၏။ ပဋိပက္ခလည်း ဖြစ်၏။

မည်ကဲ့သို့ပင်ဖြစ်စေ အတိုင်းအဆနှင့် အပိုင်းအခြား မရှိသော သို့မဟုတ် မထင်သာသော ယင်းပဋိပက္ခကို လူသတ္တဝါသည် သဘာဝအရိုင်းနှင့် ယှဉ်ပြိုင်ဆင်နွဲရင်း ၎င်း၏အသိတရား၊ အလိမ္မာတရားများကို အတိုင်းအဆမရှိ၊ အပိုင်းအခြားမရှိ တိုးချဲ့ပြီးရင်းတိုးချဲ့ခြင်းပြုသွားလိမ့်မည်သာ ဖြစ်၏။ တိုးချဲ့သွားနိုင်လိမ့်မည်လည်း ဖြစ်၏။ သို့ရာတွင် ပမာဏအားဖြင့်ဖြစ်စေ၊ အတိုင်းအဆအားဖြင့်ဖြစ်စေ အပိုင်းအခြားမရှိသော ကမ္ဘာလောကကြီးကို လူသတ္တဝါသည် အကြွင်းမဲ့သိရှိ ချုပ်ကိုင်နိုင်ပါမည်လော။ သို့မဟုတ် ကျော်လွှားလွန်မြောက်နိုင်ပါမည်လော။

မည်ကဲ့သို့ပင်ဖြစ်စေ လူသတ္တဝါသည် ၎င်း၏အသိတရား၊ အလိမ္မာတရားများကို နောက်ထပ် စုဆောင်းရရှိသော အသစ်အသစ်သော အတွေ့အကြုံများပေါ်တွင် အခြေခံကာ တိုးချဲ့နက်ရှိုင်း လာစေနိုင်သည်နှင့်အမျှ သဘာဝ အရိုင်းကြီးအပေါ် တစ်စထက်တစ်စ တိုးတက်ချုပ်ကိုင်ပြီးရင်း တိုးတက်ချုပ်သွားနိုင်လိမ့်မည်သာ ဖြစ်၏။ သူ့သဘောနှင့် သူ့နိယာမများ၊ ဓမ္မများကို လူတို့ကသိရှိ၍ စနစ်တကျ ချုပ်ကိုင်ခြင်းပြုနိုင်သောအခါ သဘာဝအရိုင်းကြီးသည်လည်း တစ်စထက်တစ်စ ယဉ်ပါးသိမ်မွေ့လာရလိမ့်မည်သာ ဖြစ်သည် မဟုတ်သလော။ အလမ္ပာယ်သမားသည် ဒေါသမာန်ပြင်းနေသော မြွေဆိုးကို သူ၏ဘူးပလွေ ဖြင့်လည်းကောင်း၊ ဆပ်ကပ်သမားသည် ကြမ်းကြုတ်သော ကျားခြင်္သေ့များကို သူ၏ ကြာပွတ်ဖြင့်လည်းကောင်း၊ ဆင်သမားသည်လည်း မုန်ယိုနေသော ဆင်ရိုင်းကြီးကို သူ၏ ချွန်းဖြင့်လည်းကောင်း ယဉ်ပါးသိမ်မွေ့စေခဲ့ကြပြီ။ မိမိတို့၏အလိုဆန္ဒနှင့် အကျိုးစီးပွားများအတွက် စေပါးခဲ့ကြပြီ။

လူနှင့်သဘာဝတို့၏ပဋိပက္ခသည် ဘက်နှစ်ဖက်ဖြစ်ရကား သဘာဝအရိုင်းကိုသာ လူက ထိုသို့ယဉ်ပါးသိမ်မွေ့စေနိုင်သည် မဟုတ်ဘဲ သဘာဝကလည်း လူသတ္တဝါအရိုင်းကို အလားတူ ဥပကာရပြုလိမ့်မည်ပင် ဖြစ်၏။ ထိုကာလများ၌ ကိုယ့်မာန်နှင့်ကိုယ်၊ ကိုယ့်အတ္တနှင့်ကိုယ်ဖြစ်ကာ ကိုယ့်သဘောအတိုင်းသာချည့် အကြွင်းမဲ့ဆောင်လိုသော
mgyoe.com

mgyoe.com
လူသတ္တဝါအရိုင်းသည်လည်း တစ်စတစ်စ ယဉ်ပါးသိမ်မွေ့လာရလိမ့်မည်သာ ဖြစ်၏။ လူ့အနွယ်တွင်း လူတန်းစားနှင့် လူမှုရေးပဋိပက္ခများ ချုပ်ငြိမ်းသောအခါ လူသားနှင့် သဘာဝ၏ ပဋိပက္ခသည် အဓိကနှင့် ထိပ်တန်းတက်လာတော့မည်ဖြစ်ရကား ထိုကာလမျိုး၌ အတ္တမာနကဲလွန်သော လူစားများအတွက် နေရာမရှိပေ။ အရှိန်အဟုန်ကြီးမားသော မာန်မာနနှင့် ပိုမောက်ကဲလွန်ခြင်းရှိသော အတ္တတဏှာများသည် တဖြည်းဖြည်းချင်း လျော့ပါးကင်းစင်သွားလိမ့်မည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် လူ့အနွယ်ကြီးအတွင်း လူတန်းစားနှင့် လူမှုရေးပဋိပက္ခများ ချုပ်ငြိမ်းဆိတ်သုဉ်းသွားသော အချိန်နှင့် လူ့အနွယ်ဝင်တိုင်း အသိတရား၊ အလိမ္မာတရားများ ဖွံ့ဖြိုးကြွယ်ဝလျက် ရှိနေကြပြီဖြစ်သော မနုဝင်သစ် စတင်ချိန်များ၌ လူ့အနွယ်ကြီးအတွင်း ယခင် မနုဝင်ဟောင်းမှ မာန်မာနနှင့် အတ္တတဏှာ များအတွက် မြေခံရေခံများ မရှိတော့ပြီဖြစ်သောကြောင့်ပင် ဖြစ်၏။

❒

mgyoe.com

mgyoe.com

# (၃) လူနှင့် ၎င်း၏အသိအလိမ္မာတရား (၂)

It is the possesson of hands that has made man the most intelligent of the animals.

Anaxa goras.

The problem of being has called into existence the problem of Knowing.

Benjamin Farrington.

For everything except death man has found a remedy. His technical ingenuity, though it brings him now to evil now to good, shows a wisdom which defies imagination.

Sophocles.

**၁။ လူနှင့် ၎င်း၏ အဓိကပြဿနာ**

မွေးရာပါ အသိအဆင့်အခြေမှ အဆင့်မြင့် အသိအခြေသို့ လူသတ္တဝါ၏အသိအလိမ္မာတရားများ တက်လှမ်းလှည့်ပြောင်းလာခဲ့သော သမိုင်း၏အရေးကြီးတက်ချိန်များ လောက်မှ စတင်ကာ လူ့အနွယ်ကြီးအတွင်း မိမိ၏ကြမ္မာနှင့် မိမိ၏အကြောင်းကိုလည်းကောင်း၊ မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီး၏ကြမ္မာနှင့် အကြောင်းများကိုလည်းကောင်း၊ မိမိနှင့် ကမ္ဘာလောကကြီးတို့၏ အဆက်အစပ်အပိုင်းအခြား၊ သို့မဟုတ် ဆက်ဆံရေးများအကြောင်းကိုလည်းကောင်း မမောမပန်းနှင့် အတောမသတ် မေးမြန်းစုံစမ်းကြသော၊ ရှင်းလင်းဖြေကြားကြသော ထာဝရလုပ်ငန်းကြီး သုံးရပ်ရှိ၏။ ယင်းထာဝရလုပ်ငန်းကြီး

mgyoe.com

mgyoe.com
သုံးရပ်ရှိသည့်အနက် ကမ္ဘာလောကကြီး၏ကြမ္မာနှင့်အကြောင်းများ မေးမြန်းစုံစမ်းကြသော၊ ရှင်းလင်းဖြေကြားကြသောလုပ်ငန်းသည် အခြားလုပ်ငန်းနှစ်ရပ်ထက် လူ၏အသိအလိမ္မာ တရားတိုးတက်ဖြစ်ပေါ်မှုသမိုင်းတွင် အားအကောင်းဆုံးနှင့် အတွင်ကျယ်ဆုံးဖြစ်၏။ အကျယ်ပြန့်ဆုံးနှင့် အနက်ရှိုင်းဆုံးလည်း ဖြစ်၏။ ထိုအချက်ကို အငြင်းပွားစရာအကြောင်း မရှိထင်၏။

လူ၏အသိလိမ္မာတရား အဆင့်ဆင့်ဖြစ်ပေါ်တိုးတက်မှု သမိုင်းစဉ်တွင် နက္ခတ္တဗေဒ၊ မဂ္ဂင်းနစ်နှင့် သင်္ချာဗေဒပညာရပ်များထက် ရှေးကျသော သိပ္ပံပညာရပ် အဘယ်မှာ ရှိသေးသနည်း။ ယင်း သိပ္ပံပညာရပ်များလောက် သစ်လွင်ဖွံ့ဖြိုးခြင်းရှိသော ပညာရပ်ကော အဘယ်မှာ ရှိသေးသနည်း။ နက္ခတ်ဗေဒင်နှင့် မှော်အတတ်ပညာရပ်များ အဆင့်လောက်မှ စတင်ခဲ့သော ယင်းပညာရပ်များသည် ယခုခေတ်တွင် အဘယ်အထိ ခုန်ပျံတက်လှမ်းလျက် ရှိနေကြပြီနည်း။ လူ့ကြမ္မာနှင့် လူအကြောင်းစူးစမ်းလေ့လာသော သိပ္ပံပညာရပ်များဖြစ်ကြသည့် မနုဿဗေဒ၊ သမိုင်းနှင့် ဇီဝဗေဒ အစရှိသော ပညာရပ်များသည်လည်းကောင်း၊ လူလူချင်းနှင့် လူနှင့်ကမ္ဘာလောကကြီးတို့၏အရပ်ရပ် ဆက်ဆံရေးများအကြောင်း စူးစမ်းလေ့လာသော ဘောဂဗေဒပညာရပ်သည်လည်းကောင်း အထက်ဖော်ပြပါ သိပ္ပံပညာရပ်များနှင့် နှိုင်းစာလိုက်သောအခါ အလွန်တရာ ဆင်းရဲမွဲကျန်လှသော ညီပုလေးများ လောက်သာ ဖြစ်နေကြသည် မဟုတ်သလော။ အချို့သော သုခမိန်နှင့် ဆရာသမားများကမူ သမိုင်းနှင့် ဘောဂဗေဒကဲ့သို့သော ပညာရပ်များကိုပင် သိပ္ပံပညာရပ် အဖြစ်ဖြင့် လက်ခံရန် ခါးခါးသီးသီး ငြင်းဆန်နေကြဆဲ ဖြစ်၏။ မည်ကဲ့သို့ပင်ဖြစ်စေ အသိဗေဒပညာရပ်သမိုင်းတွင် ကမ္ဘာလောကကြီး၏ ကြမ္မာနှင့်အကြောင်းများ စူးစမ်းလေ့လာသော ပညာရပ်များသည် အကျယ်ပြန့်ဆုံးနှင့် အနက်ရှိုင်းဆုံး နေရာယူလျက်ရှိသည်ဆိုသော အချက်ကိုမူကား မည်သူမျှ အငြင်းပွားကြလိမ့်မည် မဟုတ်တော့ပေ။ နေလိုလလို ထင်ရှားနေသော ကိစ္စကြီးပင် ဖြစ်၏။

လူ့သမိုင်း၏အရဏ်တက်ချိန် ပတ်ဝန်းကျင်ကာလပိုင်းလောက်က လူ့အနွယ်ကြီး အတွင်း ရှေးဦးစွာ ပေါ်ထွန်းခဲ့ကြသော ရှေးအကျဆုံး လူ့အဖွဲ့အစည်း အသင်းအပင်းများ နှင့် သက်ဆိုင်သော ဒဏ္ဍာရီပုံပြင်များနှင့် မှော်အတတ်ပညာရပ်များဆိုင်ရာ ယဉ်ကျေးမှု ဟောင်းများ ရှိ၏။ ယခုခေတ် ကာလတိုင် မြို့ပြယဉ်ကျေးမှုနှင့်ဝေးလံ၍ အလွန်တရာ ချောင်ကျသော အရပ်နေရာများတွင် ရှေးဟောင်း ကုန်ထုတ်လုပ်ငန်းကလေးများဖြင့် ခေတ် နောက်ကျ ကျန်ရစ်ဆဲဖြစ်သော လူ့အဖွဲ့အစည်းနှင့် အသင်းအပင်းများတွင်လည်း ယင်း ယဉ်ကျေးမှုဟောင်းများ တွေ့နိုင်၏။ ယင်း ရှေးဟောင်းယဉ်ကျေးမှုကို စနစ်တကျ စုဆောင်း လေ့လာသောအခါ လူသတ္တဝါက ၎င်း၏အပဖြစ်သော ကမ္ဘာလောကကြီး၏ ကြမ္မာနှင့် အကြောင်းများကို သူ၏ အသိလိမ္မာတရားဖြင့် စူးစမ်းလေ့လာခြင်းနှင့် ချုပ်ကိုင်ခြင်းပြုရန်
mgyoe.com

mgyoe.com
အိပ်မက်မြင်မက်သော အကြောင်းအရာ အဖြစ်အပျက်များနှင့် ပြည့်နှက်လျက်သာရှိသည်ကို တွေ့နိုင်၏။ ဒဏ္ဍာရီပုံပြင်များဆိုသည်မှာ ကမ္ဘာလောကကြီး၏ အကြောင်းကို စိတ်လှုပ်ရှားမှု သက်သက်မျှလောက်ဖြင့် ရှင်းလင်းဖွင့်ဆိုရန် အားထုတ်သော အမှုကိစ္စဖြစ်ခဲ့သလို မှော်အတတ်ပညာရပ် ဆိုသည်မှာလည်း စိတ်လှုပ်ရှားမှု သက်သက်မျှလောက်ဖြင့် ကမ္ဘာလောကကြီးကို ချုပ်ကိုင်စေပါးရန် အားထုတ်သော အမှုကိစ္စမျှသာ ဖြစ်၏။

မဇ္ဈိမခေတ် သမိုင်းကာလများတစ်လျောက် လူ့အနွယ်ကြီးအတွင်း ကမ္ဘာမြေပြင်အနှံ့အပြားတွင် ပေါ်ထွန်းခဲ့သော လူ့အဖွဲ့အစည်းများမှကား ရှေးဟောင်း လူ့အဖွဲ့အစည်းများကဲ့သို့ မဟုတ်ကြတော့ပေ။ လူတန်းစား ကွဲပြားခြားနားကာ လူတန်းစားတိုက်ပွဲနှင့် လူမှုရေးပဋိပက္ခများ ထူပြောသော လူ့အဖွဲ့အစည်းများ ဖြစ်ကြ၏။ ယင်းလူတန်းစားလူ့အစည်းအရုံးများတွင် ရှေးဟောင်းမှော်အတတ်ပညာရပ်များမှ တစ်ဆင့်တက်ကာပုံသဏ္ဍာန်ပြောင်းလဲဖြစ်ထွန်းလာသော ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ ယဉ်ကျေးမှုများအားကောင်းလာ၏။ အလားတူပင် မှော်အတတ်ပညာရပ်များမှ လမ်းသစ်ထွင်ကာတစ်ဘာသာခွဲထွက်ခြင်းပြုသော ခေတ်သစ်သဘာဝသိပ္ပံပညာရပ်များလည်း ဖွံ့ဖြိုးလာ၏။ ယင်းမဇ္ဈိမသမိုင်းခေတ် လူ့အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုအရပ်ရပ်နှင့် သိပ္ပံအတတ်ပညာရပ်များကို လေ့လာကြည့်ရှုလျှင်လည်း လူသတ္တဝါက ၎င်း၏အပဖြစ်သော ကမ္ဘာလောကကြီး၏ ကြမ္မာနှင့်အကြောင်းများကို သူ့အသိအလိမ္မာတရားနှင့် သူစူးစမ်းလေ့လာခြင်းနှင့် ချုပ်ကိုင်ခြင်းပြုရန် စိတ်ကူးယဉ်ကြည့်ကြသော အကြောင်းအရာများ၊ အဖြစ်အပျက်များနှင့်သာ ပြည့်လျှံနေသည်ကိုသာ တွေ့နိုင်ရာ၏။

ခေတ်သစ်၊ သို့မဟုတ် ပစ္စက္ခသမိုင်း ကာလပိုင်းတွင်မူကား အထက်ဖော်ပြပါ ထာဝရလုပ်ငန်းကြီး သုံးရပ်အနက် ကမ္ဘာလောကကြီး၏ ကြမ္မာနှင့် အကြောင်းများကို စူးစမ်း လေ့လာလျက်ရှိသော ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာရပ်များသည် အခြားသက်ရှိနှင့် လူမှုရေး ဆိုင်ရာ သိပ္ပံပညာရပ်များထက် အတိုင်းထက်အလွန် ဖွံ့ဖြိုးအားကောင်းလျက်သာ ရှိသည် မဟုတ်သလော။ အရှိန်အဟုန်ပြင်းပြင်းနှင့် ခုန်ပျံတိုးတက်လျက် ရှိနေသည် မဟုတ်သလော။ ရုပ်ပိုင်းဆိုင်ရာ သဘာဝသိပ္ပံပညာလောကတစ်ဝန်းမှ ပညာရှင်များသည် အတိုင်းအဆနှင့် အပိုင်းအခြား မထင်နိုင်လောက်အောင် သေးငယ်လှသော ရုပ်ကြည် ရုပ်နုကလေးများကအစ အတိုင်းအဆနှင့် အပိုင်းအခြားမထင်နိုင်လောက်အောင် ကြီးကျယ်လှသော စကြဝဠာကြီးများအထိ ၎င်းတို့တွင် ရတတ်ကြသော အသိတရား၊ အလိမ္မာတရားများဖြင့် အတောမသတ်နှင့် မမောမပန်း လက်ကုန်နှိုက် စူးစမ်းလေ့လာလျက် ရှိကြ၏။

အဘယ်နည်း။

မိမိနှင့် မိမိ၏အပဖြစ်သော ကမ္ဘာလောကကြီးတို့၏ အဆက်အစပ်နှင့် အပိုင်းအခြား စသည်တို့ကို ဝိုးတဝါးလောက် ရိပ်မိသိရှိလာခဲ့သော သမိုင်း၏အရုဏ်တက်ချိန်များ
mgyoe.com

mgyoe.com
လောက်မှအစပြုကာ ပစ္စက္ခသမိုင်းကာလများတိုင် လူသတ္တဝါသည် ၎င်းမှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီး၏ကြမ္မာနှင့် အကြောင်းများကိုသာလျှင် ကျန်အခြားလုပ်ငန်းနှစ်ရပ်ထက် အဘယ့်အတွက် အဓိကထား လေ့လာစူးစမ်းလျက် ရှိရသနည်း။

၂။ သတ္တဝါနှင့် ၎င်း၏အသိသညာ

သက်ရှိရုပ်၊ သို့မဟုတ် သတ္တဝါမှန်သမျှ၏ ပထမဦးဆုံး အသိတရားနှင့် အလိုဆန္ဒမှာ ၎င်း၏ အသက်ရှင်တည်တံ့ရေး ကိစ္စပင်ဖြစ်၏။ မိမိ၏အသက်မီးကို တတ်နိုင်သမျှ ဆက်ရန်နှင့် ယင်းမီးတောက်ကလေးကို မချုပ်မငြိမ်းသွားရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းပြုသောအရေးထက် ကြီးသောအရေး ဘာရှိသေးသနည်း။ ထိုအသိတရား အလိုဆန္ဒနှင့် အရပ်ရပ်လှုပ်ရှားမှုများကို ဘဝတဏှာဟုဆိုကြ၏။

သတ္တဝါ၏ ထိုအသိတရားနှင့် အလိုဆန္ဒသည် မည်သူတစ်ဦးတစ်ယောက်ကမျှ သင်ကြားပြသပေးရသော ကိစ္စလည်း မဟုတ်။ သူ့ဟာနှင့်သူ သဘာဝအလျောက် သိတတ်သောကိစ္စမျှသာ ဖြစ်၏။ ထို့ကြောင့် ထိုအသိနှင့် အလိုဆန္ဒများကို ပဋိသန္ဓေစိတ်၊ သို့မဟုတ် မွေးရာပါအသိဟု ဆိုရခြင်းဖြစ်၏။

သတ္တဝါမှန်သမျှ ၎င်းတွင် သဘာဝအလျောက် ရတတ်သော ယင်းအသိတရားကလေးဖြင့် ကမ္ဘာလောကကြီးနှင့် ကူးလူးဆက်သွယ်ကာ၊ ဆက်ဆံကာ အသက်ရှင်နေထိုင်ခြင်းပြုရ၏။ ကမ္ဘာလောကကြီးနှင့် ကင်းလွတ်၍ ကိုယ့်ဟာကိုယ် တသီးတခြား အသက်ရှင်တည်တံ့ခြင်းဟာ တတ်နိုင်ကောင်းသည် မဟုတ်ပေ။ ထိုကိစ္စသည် ဘဝကပြဋ္ဌာန်းထားသော ကိစ္စလည်း ဖြစ်၏။ ထို့ကြောင့် ရှန်းကန်ထွက်ပြေး၍ မရချေ။ အဘယ်သူသည် မိမိကိုယ်ကို စွန့်ထားထွက်ပြေး၍ ရနိုင်သနည်း။

ယင်းသို့ ဘဝ၏ပြဋ္ဌာန်းခြင်းခံရသော သတ္တဝါသည် မိမိဖြစ်ပေါ်ရာ ကမ္ဘာလောက၏ ပတ်ဝန်းကျင် အရပ်နေရာတစ်ခုခုတွင် မိမိအသက်မီး ဆက်ရန်အတွက် မရှိမဖြစ်သော လောင်စာကို ဖွေရှာရသော အလုပ်သည်လည်း ဘဝကပင် စီရင်ပြဋ္ဌာန်းထားသော အလုပ်ဖြစ်၏။ ထိုဘဝပေးတာဝန်မှလည်း သတ္တဝါသည် ထွက်ပြေးသွား၍ မရနိုင်ပေ။ ခပ်သိမ်းကုန်သော သက်ရှိ ရုပ်၊ သို့မဟုတ် သတ္တဝါမှန်သမျှ ဤကဲ့သို့ဘဝ၏ အနှောင်အဖွဲ့များ အတွင်း၌သာ အသက်ရှင်သောအခွင့်ရှိ၏။

သတ္တဝါသည် ယင်းသို့ ကြောင့်ကြစိုက်လုံးပမ်းကာ မိမိ၏ပတ်ဝန်းကျင် ကမ္ဘာလောကနှင့် မလွဲသာမရှောင်သာ ဆက်သွယ်ရ၏။ ရင်ဆိုင်ဆက်ဆံရ၏။ ထိုသို့မှ မိမိ၏ ကြွက်သားများ ဖျစ်ညှစ်ဆန့်ထုတ်ကာ မိမိ၏အပဖြစ်သော ပတ်ဝန်းကျင်ကမ္ဘာလောကနှင့် ဆက်ဆံခြင်းမပြုခဲ့လျှင် အသက်မီးအတွက် မရှိမဖြစ်သောလောင်စာကို အဘယ်သို့ ရရှိနိုင်ကောင်းသနည်း။ ကမ္ဘာလောကကြီးထဲမှ လုပ်အားစွမ်းပကား မထုတ်သော သတ္တဝါ
mgyoe.com

သည် ဘာတစ်ခုမျှ အချည်းနှီးရရှိလိမ့်မည် မဟုတ်ပေ။ သဘာဝအရိုင်းပြင်တွင် အပေါ်ဆုံးနှင့် အလွယ်ကူဆုံးဖြစ်သော လေကို ကြောင့်ကြစိုက် မရှူသွင်းဘဲ အလကားရနိုင်သလော။

သတ္တဝါသည် ၎င်း၏ အသက်ရှင်တည်တံ့နိုင်ရေးအတွက် ပတ်ဝန်းကျင် ကမ္ဘာလောကနှင့် ဆက်သွယ်ရသော အမှုကိစ္စသည် ဘက်တစ်ဖက်မျှသာ ဖြစ်၏။ အခြားဘက်တစ်ဖက်လည်း ရှိသေး၏။ ယင်းမှာ အခြားမဟုတ်၊ ၎င်းကို ဆက်သွယ်လာသော သတ္တဝါအား သဘာဝပတ်ဝန်းကျင်က ပြန်လည်တုံ့ပြန်သော အဆက်အဆံနှင့် အဆက်အသွယ်စသည်တို့ပင် ဖြစ်၏။ သို့ရာတွင် ပတ်ဝန်းကျင်သဘာဝသည် သူ့သဘောသူ ဆောင်တတ်သော သဘောရှိ၏။ ၎င်းအပြင် အသိတရားရှိသော အရာဝတ္ထုလည်း မဟုတ်ပေ။ ထို့ကြောင့် မွေးရာပါမျှ အသိအဆင့်အခြေလောက်နှင့် ဆက်သွယ်လာသော သတ္တဝါကို အသိတရားအလျှင်းမရှိသော ပတ်ဝန်းကျင်သဘာဝက သူ့သဘောသူဆောင်၍ တုံ့ပြန်ဆက်ဆံတတ်၏။

ယင်းသို့ သက်ရှိနှင့်သက်မဲ့၊ အသိရှိနှင့်အသိမဲ့၊ သတ္တဝါနှင့် ၎င်း၏အပဖြစ်သော ကမ္ဘာလောကကြီးတို့ မလွဲသာမရှောင်သာ အပြန်အလှန် ဆက်သွယ်ကြရာ၊ ဆက်ဆံကြရာတွင် အဘယ်သို့ ညီညွတ်စရာ၊ ညီမျှစရာနှင့် ချောမောပြေပြစ်စရာ အကြောင်းရှိနိုင်ပါမည်နည်း။ သဘာဝသည် အတိုင်းအဆအရရော၊ စွမ်းပကားအရပါ အပိုင်းအခြားမရှိသော အရာဝတ္ထုဖြစ်၏။ သတ္တဝါမူကား အသိအလိမ္မာတရားအရ လည်းကောင်း၊ စွမ်းပကားအရလည်းကောင်း သဘာဝအရိုင်းကြီးနှင့် နှိုင်းယှဉ်လိုက်သောအခါ ဘာမျှပြောပလောက်စရာနှင့် စာရင်းသွင်းလောက်စရာ အရာဝတ္ထုမဟုတ်ချေ။ ဆီးစေ့နှင့် မြင်းမိုရ်ဟူသော မြန်မာစကားကဲ့သို့ဖြစ်၏။ ယင်းသို့အဘက်ဘက်တွင် မနှိုင်းယှဉ်သာလောက်သော အရာဝတ္ထုနှစ်ခုတို့ ဆက်ဆံကြရာတွင် ဘယ်သင်းက ကြီးစိုးလွှမ်းမိုးလျက် ရှိလိမ့်မည်ဖြစ်သည်ကို အထူးလင်းပါးဖွယ်ရာ လိုအပ်မည်မဟုတ်ပေ။ ပတ်ဝန်းကျင်သဘာဝ အရိုင်းကြီးကသာ အမြဲတစေ ကြီးစိုးလွှမ်းမိုးလျက်ရှိသော ယင်းဆက်ဆံရေးတွင် သတ္တဝါသည် ဒုတိယတန်းသမားဘဝ၌ချည်းသာ ရှိနေရလိမ့်မည်ဖြစ်၏။

တစ်ဖက်နှင့်တစ်ဖက် ယင်းသို့ ညီမျှခြင်းမရှိသော ဆက်ဆံရေးကြောင့် သတ္တဝါသည် ၎င်း၏ သဘာဝပတ်ဝန်းကျင်၏ ဖိစီးမှုကို ထာဝရခံရ၏။ ထို့ကြောင့် သတ္တဝါ၌ရတတ်သော အသိအလိမ္မာတရားတွင် သဘာဝပတ်ဝန်းကျင် သို့မဟုတ် ကမ္ဘာလောကကြီးကို အလွန်တရာ ထိတ်လန့်ကြောက်ရွံ့စရာ အရိုင်းကောင်ကြီးအလား ဖြစ်၏။ အားမာန်ကြီးလှသော သတ္တဝါကြီးကဲ့သို့လည်း ရှိ၏။ သို့ရာတွင် မိမိ၏အသက်မီးအတွက် မရှိမဖြစ်သောလောင်စာကို ယင်းအရိုင်းကောင်ကြီး၏ ဩဇာစက်ဝန်းနှင့် နယ်နိမိတ်များအတွင်း၌သာ ဖွေရှာစုဆောင်းရခြင်းမှတစ်ပါး သတ္တဝါမှန်သမျှတွင် အခြားနည်းလမ်းကားမရှိချေ။ ထို့ကြောင့် သက်ရှိရုပ်၊ သို့မဟုတ် သတ္တဝါမှန်သမျှအတွက် ကမ္ဘာလောကကြီးသည် အသိအမှတ်မပြုလျှင် မဖြစ်သော၊ မဆက်ဆံလျှင် မဖြစ်သော အရာဝတ္ထုဖြစ်၏။

mgyoe.com

ခပ်သိမ်းကုန်သော သတ္တဝါသည် ၎င်းတို့၏ အသက်မီးဆက်နိုင်ရေးအတွက် ပတ်ဝန်းကျင်သဘာဝဖြစ်သော ကမ္ဘာလောကကြီးနှင့် အပြန်အလှန် ဆက်သွယ်ခြင်းနှင့် ဆက်ဆံခြင်းများ ပြုရသဖြင့် ယင်းအရပ်ရပ် ဆက်သွယ်ရေးနှင့် ဆက်ဆံရေးဆိုင်ရာ၊ အတွေ့အကြုံများပေါ်တွင် အခြေခံကာ ကမ္ဘာလောကကြီး၏ကြမ္မာနှင့် အကြောင်းများ၊ အထိုက်အလျောက် သိမှတ်တတ်သော အသိအလိမ္မာတရားများ ဖွံ့ဖြိုးလာကြရ၏။ ထိုကဲ့သို့သော အသိအဆင့်အခြေကို မြန်မာလို သညာသိဟု ခေါ်ဝေါ်နိုင်လိမ့်မည် ထင်၏။ သတ္တဝါများထဲတွင် အချို့သော အဆင့်မြင့်သတ္တဝါများသည် ကျန်သတ္တဝါများထက် အမှတ်သညာ အားကောင်း၏။ တိရစ္ဆာန်အများအပြားပင် မိမိတို့၏အသက်မီးအတွက် လောင်စာရတတ်သော အရပ်နေရာနှင့် အချိန်ကာလများကိုလည်းကောင်း၊ အသက်အတွက် အန္တရာယ်ရှိတတ်သော သို့မဟုတ် ထူပြောသောအရပ်နေရာနှင့် အချိန်ကာလများကို လည်းကောင်း၊ ဥတုကိုလည်းကောင်း ကောင်းစွာ သိမှတ်တတ်၏။

သဘာဝသမိုင်းတွင် မိမိ ဆက်ဆံမှီတင်းနေထိုင်ခြင်း ပြုရသော ကမ္ဘာလောကကြီး အကြောင်းနှင့်ပတ်သက်၍ အမှတ်သညာ အားနည်းညံ့ဖျင်းသောကြောင့် အတိုင်းအဆနှင့် စွမ်းပကား ကြီးမားကြဲခိုင်လှသော ဒိုင်နောဆောသတ္တဝါများ ဤကမ္ဘာလောကကြီးမှ ဆိတ်သုဉ်းပျောက်ကွယ်သွားခဲ့ကြရ၏။ ယင်းထက် အမှတ်သညာနှင့် အလိမ္မာတရားအားကောင်းသော ဝေလငါးသည် မူလကုန်းသတ္တဝါဘဝမှ ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ပြန်လည် ဆုတ်ခွာသွားပြီးနောက် ယခုခေတ်ကာလတိုင် ၎င်း၏အမျိုးအနွယ်ကို တိမ်ကောပျောက် ပျက်ခြင်း မရှိရအောင် ဆက်လက်ထိန်းသိမ်းထားနိုင်သည် မဟုတ်သလော။ သတ္တဝါ၏ ကြမ္မာနှင့်အကြောင်းသည် ၎င်းဆက်သွယ်နေထိုင်ခြင်းပြုရသော ကမ္ဘာလောကကြီး၏ ကြမ္မာနှင့် အကြောင်းများနှင့် ယင်းသို့ဆက်စပ်နှောင်ဖွဲ့လျက် ရှိ၏။ ထို့ကြောင့် သတ္တဝါ မှန်သမျှ ၎င်းနေထိုင်ခြင်းပြုရသော၊ မလွှဲမရှောင်သာ ဆက်ဆံခြင်းလည်း ပြုရသော ကမ္ဘာလောကကြီး၏ကြမ္မာနှင့် အကြောင်းများကို မစူးစမ်း မလေ့လာ၍မဖြစ်၊ မသိ၍မဖြစ်။ ကမ္ဘာလောကကြီး၏ကြမ္မာနှင့် အကြောင်းများကို စနစ်တကျနှင့် မှန်မှန်ကန်ကန် စူးစမ်းလေ့လာခြင်း ပြုနိုင်မှသာလျှင် အရိုင်းကောင်ကြီးကဲ့သို့ ထင်ရသော ယင်း၏သဘော သဘာဝနှင့် နိယာမဓမ္မများကို သိရှိတန်သလောက် သိရှိနိုင်ရာ၏။ သူ့သဘောသူဆောင် လေ့ရှိတတ်သော ကမ္ဘာလောကကြီး၏ သဘောသဘာဝ အမူအကျင့်နှင့် နိယာမ ဓမ္မ စသည်များကို ကောင်းစွာ သိရှိနားလည်ထားနိုင်မှသာလျှင်လည်း ယင်းကို သတ္တဝါ၏ အကျိုးစီးပွားနှင့် ဆန္ဒရှိသလို ချုပ်ကိုင်နိုင်လိမ့်မည် ဖြစ်သည်မဟုတ်သလော။

mgyoe.com

### ၃။ အသိအလိမ္မာတရား၏ ဖြစ်ပေါ်တိုးတက်မှု၏အစဉ်

သတ္တဝါဟူ၍ ပေါင်းစု ပညတ်ခြင်းခံရသော သက်ရှိရုပ်တိုင်း ဇီဝကိစ္စဆိုင်ရာ

mgyoe.com
ဖြစ်ပေါ်တိုးတက်မှုအစဉ်တွင် တစ်ပြေးတညီတည်း ရှိကြသည်မဟုတ်ပေ။ ကလာပ်စည်း တစ်ခုမျှ ပြည့်စုံအောင် မရတတ်သော ကပ်ပါးကောင်မှ ကလာပ်စည်းတစ်ခုတည်းသာ ရှိသော သက်ရှိရုပ်နှင့် ကလာပ်စည်းပေါင်း သိန်း ကုဋေမျှမကရှိသော သတ္တဝါစသည်ဖြင့် အဆင့်ဆင့် အစားစားရှိ၏။ ရေနေသတ္တဝါ၊ ကုန်းနေသတ္တဝါနှင့် ရေတစ်ပိုင်း ကုန်းတစ်ပိုင်း သတ္တဝါ စသည်ဖြင့်လည်းကောင်း၊ ကျောရိုးမဲ့သတ္တဝါ၊ ကျောရိုးရှိသတ္တဝါနှင့် နို့တိုက် သတ္တဝါ အစရှိသည်ဖြင့်လည်းကောင်း မှုန်မွှားသေးငယ်လှ၍ လူတို့သာမန်မျက်စိဖြင့် မမြင်နိုင်ကောင်းသော အမီးဗားကောင်မှ တန်ချိန်ပေါင်းများစွာ ကိုယ်ထည်လေးလံသော ဝေလငါးကြီးများအထိ အမျိုးမျိုးအစားစားနှင့် အထွေထွေအပြားပြားရှိ၏။

ယင်း သက်ရှိရုပ်များ အားလုံးတွင် ၎င်းတို့ မှီတင်းနေထိုင်ရာ ပတ်ဝန်းကျင် ကမ္ဘာလောကကြီးနှင့် ဆက်သွယ်ရန်အတွက် မွေးပါပစ္စည်းကိရိယာများ ရှိ၏။ ထိုမွေးပါ ပစ္စည်းကိရိယာများဖြင့် အနံ့၊ အရသာ၊ အကြား၊ အမြင်နှင့် အတွေ့အထိ အစသော အပ အာရုံများကို ခံယူနိုင်၏။ ယင်းသို့ မိမိ၏အပဖြစ်သော ကမ္ဘာလောကဆိုင်ရာ အရပ်ရပ် အာရုံများကို ဆက်သွယ်ခံယူခြင်းပြုသော ပစ္စည်းကိရိယာ၊ သို့မဟုတ် အာယတနများမှ သိတတ် မှတ်တတ်သော ဦးနှောက်သို့ ပို့ဆောင်သော အာရုံကြောစနစ်များလည်း ရှိကြ၏။ သို့ရာတွင် ဇီဝကိစ္စ ဖြစ်ပေါ်တိုးတက်မှုအစဉ်တွင် ဖွံ့ဖြိုးခြင်းမရှိသေးသော အဆင့်နိမ့် သက်ရှိရုပ်များမှုကား အာရုံကြောစနစ်နှင့် ဦးနှောက်များ မရတတ်ကြပေ။ မည်ကဲ့သို့ပင် ဖြစ်စေ၊ ၎င်းတို့၏ အပြင်အပ ကမ္ဘာလောကနှင့် အထိုက်အလျောက် ဆက်သွယ်နိုင်သော အာယတန ပစ္စည်းများမှုကား ရတတ်ကြကုန်၏။ ဖွံ့ဖွံ့ဖြိုးဖြိုး မဟုတ်သာရှိမည်။

လူသည် သတ္တလောကမှ သက်ရှိ ရုပ်သတ္တဝါ အမျိုးအစားဖြစ်၏။ သို့ရာတွင် ဇီဝကိစ္စဖြစ်ပေါ်တိုးတက်မှုအစဉ်တွင် အဖွံ့ဖြိုး အတိုးတက်ဆုံးဖြစ်သည် ဆိုရသော နို့တိုက် သတ္တဝါမျိုးစဉ်အတွင်း ထိပ်ဆုံးတန်းရောက်ရှိနေသော သတ္တဝါလည်း ဖြစ်၏။ နောက် ခြေနှစ်ချောင်းနှင့် မတ်မတ်ရပ် လှုပ်ရှားသွားလာနိုင်သော လူ၏အဖြစ်သို့ တက်လှမ်းလှည့် ပြောင်းခြင်း မပြုမီက အာရုံကြောစနစ်နှင့် ဦးနှောက်တို့၏ ဖွံ့ဖြိုးဖြစ်ပေါ်မှုတွင် အဆင့် အမြင့်ဆုံးဆိုရသော မျောက်ဝံ အနွယ်ကြီးအတွင်း အနွယ်ခွဲတစ်နွယ်ဖြစ်၏။ ထို့ကြောင့် လူ၏အဖြစ်ကို မရတတ်မီကပင် ၎င်း၏ပဋိသန္ဓေစိတ်နှင့် အသိသညာ စသည်တို့သည် ကောင်းစွာ ဖွံ့ဖြိုးပြီးသား ရှိရာ၏။

လူ၏အဖြစ်သို့ တက်လှမ်း ကူးပြောင်းတော့မည့်ဆဲဆဲ အချိန်တွင် မျောက်ဝံ အနွယ်ခွဲတစ်ခွဲဖြစ်သော ယင်းလူ့အနွယ်ဦးများသည် အအုပ်အသင်းဖွဲ့၍ မိမိတို့အချင်းချင်း ဆက်ဆံကာ၊ သမဝါယမပြုကာ ၎င်းတို့၏ပတ်ဝန်းကျင် ကမ္ဘာလောကနှင့် ဆက်ဆံနေ ထိုင်လျက်ရှိကြသော အဆင့်မြင့်သတ္တဝါများ ဖြစ်ကြ၏။

ထို့ကြောင့် လူ့အနွယ်ဦးများသည် ၎င်းတို့၏ အသက်မီးရှင်သန်နိုင်ရေးအတွက်
mgyoe.com

mgyoe.com
မရှိမဖြစ်သော လောင်စာကို ၎င်းတို့ဖြစ်ပေါ်ရာ ပတ်ဝန်းကျင်ကမ္ဘာလောကနှင့် ဆက်ဆံဖွေရှာရာ၌ တစ်ဦးကောင်း တစ်ကိုယ်ကောင်းမဟုတ်မူဘဲ အပေါင်းအစုနှင့် ဖြစ်၏။ အချင်းချင်းလည်း အပြန်အလှန် ရိုင်းပင်းဆက်ဆံကြရ၏။ သမိုင်းအရဏ်ကျင်းမည့်ဆဲဆဲ အချိန်ကာလပိုင်းများလောက်က အသက်မီးအတွက် လောင်စာများဖြစ်သော သစ်သီး၊ သစ်ဥနှင့် သစ်ဖုသစ်မြစ်များကို ရှာဖွေရသောအခါဖြစ်စေ၊ အမဲသား၊ ငါးများကို လိုက်လံရှာဖွေရသောအခါဖြစ်စေ၊ အသက်ဘေးအန္တရာယ်အတွက် ခုခံတိုက်လှန်ခြင်းပြုရသော အခါဖြစ်စေ တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်၍ ကိုင်၍ ရနိုင်ကောင်းသော အလုပ်မဟုတ်ပေ။ စုပေါင်းအားနှင့် လုပ်ရကိုင်ရသော အမှုကိစ္စမျိုး ဖြစ်၏။ ထိုအမှုကိစ္စသည်လည်း သတ္တဝါ၏ ဆန္ဒအရလည်းကောင်း၊ သဘောထား အရလည်းကောင်း ဖြစ်လာသော အမှုကိစ္စမဟုတ်ပေ။ သတ္တဝါ၏အပဖြစ်သော ပတ်ဝန်းကျင်သဘာဝက အကျပ်ကိုင်တောင်းဆိုလျက်ရှိသော အမှုကိစ္စ ဖြစ်၏။ တစ်နည်းဆိုရလျှင် ရုပ်ဘာဝက ပြဋ္ဌာန်းခြင်းပြုသော အမှုကိစ္စမျှသာ ဖြစ်၏။ ထို့ကြောင့် ရုပ်သဘာဝ၏ အပြဋ္ဌာန်းခံဘဝအခြေမှ သတ္တဝါသည် ထွက်ပြေးသွား၍ မရနိုင်ပေ။

ဤသို့လျှင် လူသတ္တဝါသည် မိမိ၏ အသက်ရှင်တည်တံ့နိုင်ရေးအတွက် မိမိ၏ ဇာတ်တူသားများနှင့် အစုအသင်းဖွဲ့ကာ တစ်ဖက်မှလည်း သဘာဝအရိုင်းက လူသတ္တဝါကို အစုအသင်းနှင့် ဇာတ်တူသားချင်း မပေါင်းစည်းမဆက်ဆံလျှင် သို့မဟုတ် မလှုပ်ရှားမရုန်းကန်လျှင် မဖြစ်တော့သော လူမှုဆက်ဆံရေး သတ္တဝါအဖြစ်ဖြင့် ဖန်တီးစီရင်၏။ ဤသို့ဖြင့် သမိုင်း၏ အရဏ်ကျင်းချိန်များလောက်မှ အစပြုကာ လူသတ္တဝါနှင့် ၎င်း၏ ဗဟိဒ္ဓဖြစ်သော ကမ္ဘာလောကကြီးတို့၏ ဆက်ဆံရေးတစ်ရပ်နှင့် ယင်းဆက်ဆံရေးပေါ်တွင် အခြေခံသော တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကျိုးသက်ရောက်မှုများ စတင်ခြင်းပြု၏။ အသိအလိမ္မာနှင့်ယှဉ်သော သတ္တဝါ၏ ရုန်းကန်လှုပ်ရှားမှုများနှင့် အသိတရားမရှိသော်ငြားလည်း သူ့သဘောသူဆောင်လေ့ရှိသော သဘာဝအရိုင်း၏ လှုပ်ရှား လည်ပတ်မှုများ၏ ပဋိပက္ခသည် ထိုသို့ စတင်ဖြစ်ပေါ်ခြင်းလည်း ဖြစ်၏။

ယင်းပဋိပက္ခသည် ရပ်တန့်နေသော ပဋိပက္ခအမျိုးအစား မဟုတ်သကဲ့သို့ ချားရဟတ်အလား ချာချာလည်နေသော ပဋိပက္ခအမျိုးအစားလည်း မဟုတ်ပေ။ လူသတ္တဝါတို့၏ အတွေ့အကြုံနှင့် အသိအလိမ္မာတရားများ တစ်စထက်တစ်စ ဘက်စုံစုံ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ၊ လူ့အစည်းအရုံးနှင့် ယင်း၏စွမ်းပကားများ တဖြည်းဖြည်းတိုးတက် အားကောင်းလာသည်နှင့်အမျှ လူနှင့်ကမ္ဘာလောကတို့၏ပဋိပက္ခသည် ကြောင်လိမ်လှေကားသဖွယ် တစ်ရစ်ပြီးတစ်ရစ်၊ တစ်ထစ်ပြီးတစ်ထစ် တက်လာ၏။ ယင်းပဋိပက္ခပေါ်တွင် အခြေခံသော တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကျိုးသက်ရောက်မှုများသည်လည်း တစ်စထက်တစ်စ နက်ရှိုင်းလာ၏။ ကျယ်ဝန်းလာ၏။

mgyoe.com

mgyoe.com

ဘဝ၏ စီရင်ပြဋ္ဌာန်းချက်များအရ လူသတ္တဝါသည် ၎င်းမှီတင်းနေထိုင်ရာ ပတ်ဝန်းကျင် ကမ္ဘာလောကကြီးနှင့် ယင်းသို့ မရှောင်သာမလွှဲသာ ရင်ဆိုင်ရင်း၊ ဆက်ဆံရင်း မိမိရင်ဆိုင်ဆက်ဆံခြင်း ပြုနေရသော ကမ္ဘာလောက၏သဘော၊ သဘာဝနှင့် အမူအကျင့်အစရှိသော အကြောင်းအရာများကို မသိမဖြစ် ဖြစ်လာ၏။ တစ်စတစ်စ နားလည်လာရ၏။ သို့ရာတွင် မိမိနှင့် ကမ္ဘာလောကကြီးတို့၏အပိုင်းအခြား အဆက်အစပ်ကို ကွဲပြားခြားနား ခြင်းမရှိမီက လူသတ္တဝါသည် သညာသိသာသာမျှလောက်သာ ရတတ်ရသေးရကား ၎င်းဆက်ဆံခြင်းပြုရသော ပတ်ဝန်းကျင်တစ်လောကလုံး ကြောက်မက်ဖွယ်ရာ မကောင်းဆိုးဝါး ကောင်ကြီးအလား ဖြစ်နေခဲ့တန်ရာ၏။ ထိုကာလပိုင်းများက လူသတ္တဝါတွင် စဉ်းစားကြံစည်တတ်သော၊ ဆင်ခြင်ကြံဆတတ်သော အသိအလိမ္မာတရားများ ကောင်းစွာဖွံ့ဖြိုးခြင်း မရှိသေးရကား ယင်းသဘာဝအရိုင်းကောင်ကြီးကို ဆက်ဆံရင်း များစွာ သွေးလေချောက်ချားကာ အိုးနင်းခွက်နင်း ဖြစ်ခဲ့ပုံလည်း ရ၏။ သဘာဝ ဝတ်ပြုကိုးကွယ်မှုနှင့် မှော်အတတ်ပညာရပ် စသည်တို့သည် မိမိပတ်ဝန်းကျင်ကမ္ဘာလောကကြီး၏သဘော၊ သဘာဝနှင့် အမူအကျင့်များအကြောင်း ဘာမှမစူးစမ်းမသိရှိနိုင်မီက လူ့အနွယ်ဝင်များ၏ အဘိဓမ္မာနှင့် သိပ္ပံပညာရပ်များဖြစ်၏။ ထိုအကြောင်းကို ဆိုခဲ့ပြီ။

သို့ရာတွင် မိမိ၏အသက်မီးအတွက် လောင်စာကို ပတ်ဝန်းကျင်သဘာဝ အရိုင်းပြင်ကြီးတွင် အကြောင့်ကြ အငြိုငြင်ခံကာ စွန့်စွန့်စားစားနှင့် ပင်ပန်းကျပ်တည်းစွာ ရှာဖွေစုဆောင်းခြင်းပြုရသော ဘဝအခြေမှ ကိုယ်စွမ်းကိုယ်စဖြင့် ကောင်းစွာ ထုတ်လုပ်ရယူနိုင်သော ဘဝအခြေသို့ တက်လှမ်း လှည့်ပြောင်းလာနိုင်သော ကာလပိုင်းများတွင် လူသတ္တဝါ၏အသိအလိမ္မာတရားနှင့် စွမ်းပကားစသည်တို့သည် များစွာ အားကောင်းလာခဲ့ပြီ။ ဖွံ့ဖြိုးကြွယ်ဝလာသည်နှင့်အမျှ ဘက်လည်းစုံလာခဲ့ပြီ။ ကမ္ဘာလောကကြီး၏ သဘောသဘာဝနှင့် အမူအကျင့်ကိုလည်းကောင်း၊ မိမိနှင့် ကမ္ဘာလောကကြီးတို့၏အဆက်အစပ် အပိုင်းအခြားကိုလည်းကောင်း တစ်စထက်တစ်စ ယဉ်ပါးနားလည်စပြုလေပြီ။ ထို့ကြောင့် ယခင်ရှေးဟောင်း လူ့အဖွဲ့အစည်း ဘဝအဆင့်မှာတုန်းကကဲ့သို့ အိုးနင်းခွက်နင်းလည်း မဖြစ်တော့။ သဘာဝ ဝတ်ပြုကိုးကွယ်မှု၊ ပူဇော်ပသမှုနှင့် မှော်အတတ်စသော ရှေးဟောင်းအဘိဓမ္မာနှင့် သိပ္ပံအတတ်ပညာရပ်များသည်လည်း တစ်စတစ်စမှေးမှိန်စ ပြုလာ၏။ ယင်းသို့ တစ်စတစ်စ မှေးမှိန်စပြုလာသော ရှေးဟောင်းအဘိဓမ္မာနှင့် ရှေးဟောင်းသိပ္ပံအတတ်ပညာရပ်များနေရာတွင် သဘာဝအဘိဓမ္မာနှင့် သဘာဝသိပ္ပံပညာရပ်များဖြင့် အစားထိုးမှန်းမသိ အစားထိုးစပြုနိုင်လာ၏။

## ၄။ လူ၏ အသိအလိမ္မာတရား

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လက်မှုလုပ်ငန်းအစရှိသော ကုန်ထုတ်လုပ်ငန်း

mgyoe.com

mgyoe.com
သို့မဟုတ် စီးပွားရေးဘဝပေါ်တွင် အခြေခံကာ ရှေးဟောင်း လူ့အဖွဲ့အစည်း အသင်းအပင်းများထက် များစွာ ကြံ့ခိုင်တည်ငြိမ်သော လူ့အစည်းအရုံးနှင့် မြို့ပြနိုင်ငံများ၊ အင်ပါယာများ စသည်တို့ကို ကောင်းစွာ စည်းရုံးထူထောင်နိုင်ကြသော အချိန်ကာလပိုင်းတွင် လူသတ္တဝါ၏ အသိအလိမ္မာတရားနှင့် စွမ်းပကားသည် များစွာ ဖွံ့ဖြိုးလျက်ရှိ၏။ သဘာဝအရိုင်း၏ အငြိုအငြင် အကြောင့်ကြခံကာ အသက်ရှင်နေထိုင်ခြင်းပြုခဲ့ရသော အရိုင်းအစိုင်းဘဝအခြေများမှ တစ်စထက်တစ်စ လွတ်ကျွတ်စပြုလာ၏။ မိမိ၏အသက်မီးအတွက် လိုအပ်သော လောင်စာကို ကမ္ဘာလောကတစ်ခွင် ကိုယ်စွမ်းကိုယ်စဖြင့် ထုတ်လုပ်ရယူနိုင်သော ဘဝအခြေသို့ တက်လှမ်းလှည့်ပြောင်းနိုင်ခဲ့ပြီလည်း ဖြစ်၏။

ဤကမ္ဘာလောကတွင် လူသတ္တဝါ၏ အသက်ရှင်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးစည်ပင်ရေးများအတွက် အာမခံချက်များ တစ်စတစ်စ တိုးတက်ကောင်းမွန်လာ၏။ သက်သာချောင်ချိ၍လည်း လာ၏။

ယင်းသို့ လူ့အစည်းအရုံး၏ကုန်ထုတ်စွမ်းပကား ဖွံ့ဖြိုးအားကောင်းလာသည်နှင့်အမျှ၊ လူသတ္တဝါ၏ အသက်ရှင်တည်တံ့ရေးအတွက် အာမခံချက်များ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ သဘာဝအရိုင်းကြီးအပေါ် လူသား၏သိရှိနားလည်မှု၊ ချုပ်ကိုင်စေပါးမှုနှင့် ကျော်လွှားအောင်နိုင်မှုများသည် တဖြည်းဖြည်း အလျင်ရလာ၏။ အရှိန်အဟုန်လည်း ကောင်းလာ၏။ အထူးသဖြင့် ကမ္ဘာလောကကြီး၏ ကြမ္မာနှင့်အကြောင်း စသည်တို့နှင့် ပတ်သက်သော လူသတ္တဝါ၏အသိအမြင် မိုးကုပ်စက်ဝိုင်းသည် ကျယ်ဝန်းသည်ထက် ကျယ်ဝန်းလာ၏။ သူ့အလံနှင့်သူ တစ်လံမျှလောက်သာ ရှိတတ်သော ထိုသတ္တဝါ၏ စဉ်းစားကြံစည်မှု နှင့် ဆင်ခြင်ကြံဆမှုများသည်လည်း ရှင်သန်အားကောင်းလာရုံမျှသာမက ကျယ်ပြန့်နက် ရှိုင်းလာ၏။ သို့ရာတွင် ယင်းသို့ လူသတ္တဝါ၏ကမ္ဘာလောကကြီး၏ အကြောင်းအရာများနှင့် ပတ်သက်၍ အသိအလိမ္မာတရားနှင့် စွမ်းပကားများ ဖွံ့ဖြိုးအားကောင်းလာသည်ဆိုခြင်းမှာ ရှေးဟောင်းလူ့အစည်းအရုံးမှ အရိုင်းအစိုင်းများနှင့် နှိုင်းရတရားအရ ပြောဆိုရခြင်းမျှသာ ဖြစ်၏။ တကယ်တော့မူ ထိုသမိုင်းကာလပိုင်းအထိ လူယဉ်ကျေးသတ္တဝါသည် မိမိနှင့် ဗဟိဒ္ဓကမ္ဘာလောကကြီးတို့၏ အပိုင်းအခြားကိုလည်းကောင်း၊ အဆက်အစပ်ကိုလည်းကောင်း ကွဲပြားခြားနားခြင်း ရှိလှသေးသည် မဟုတ်၊ ပီပြင်ခြင်းလည်း ရှိလှသေးသည်မဟုတ်။ ဘူးလုံး နားမထွင်းရှိနေဆဲမျှသာ ဖြစ်၏။

ယင်းလူ့အစည်းအရုံးများ၊ မြို့ပြနိုင်ငံများနှင့် အင်ပါယာများကို လူ့အနွယ်၏အထွေထွေဖြစ်ပေါ်တိုးတက်မှု သမိုင်းစဉ်အတွင်း ရှေးလွန်လေပြီးသော နှစ်ပေါင်း ၅၀၀၀ နှင့် အထက်ကျော်ကာရီပတ်ဝန်းကျင်တွင် ရှေးဦးစွာ တွေ့ရှိရ၏။ အာဖရိကတိုက် မြောက်ပိုင်း နိုင်း(လ်)မြစ်ဝှမ်း၊ အာရှတိုက်အနောက်ပိုင်း မက်ဆိုပိုတေးမီးယားခေါ် ယူဖရေးတီး၊ တိုင်းဂရစ်မြစ်နှစ်သွယ် မြစ်ဝှမ်းနှင့် အိန္ဒိယတိုက်နယ် အိန္ဒုမြစ်ဝှမ်း အရပ်ဒေသတစ်ဝိုက်တွင်
mgyoe.com

mgyoe.com

ဖြစ်၏။ ယင်းရှေးဦးမြို့ပြနိုင်ငံနှင့် အင်ပါယာများခေတ် နောက်ပိုင်းတွင် အလားတူ လူ့အစည်းအရုံး၊ မြို့ပြနိုင်ငံ၊ အင်ပါယာနှင့် ယဉ်ကျေးမှုများကိုလည်း တရုတ်တိုက်ငယ် မြစ်ဝါမြစ်ဝှမ်း၊ အိန္ဒိယတိုက်ငယ် ဂင်္ဂါမြစ်ဝှမ်းနှင့် အာရှအာဖရိကနှင့် ဥရောပတိုက်ကြီးသုံးတိုက်၏သုံးမြေဆိုင်ဖြစ်သော မြေထဲပင်လယ် အရပ်ဒေသများတစ်ဝိုက်တွင် တွေ့ရပြန်သေး၏။ အမေရိကန် တိုက်ကြီးနှစ်တိုက်၏ အလယ်ပိုင်းအရပ်ဒေသတစ်ဝိုက်တွင် တွေ့ရှိရသော လူ့အစည်းအရုံးနှင့် ယဉ်ကျေးမှုများမှုကား များစွာ နောက်ကျပုံရ၏။ မည်ကဲ့သို့ပင် ဖြစ်စေ လွန်လေပြီးသော နှစ်ပေါင်း ၅၀၀၀ ကျော်နှင့် ၂၅၀၀ ခန့်အကြား သမိုင်းကာလပိုင်းများအတွင်း အထက်ဖော်ပြပါ အရပ်ဒေသများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လက်မှုလုပ်ငန်းအစရှိသော ကုန်ထုတ်လုပ်ငန်း သို့မဟုတ် စီးပွားရေးဘဝပေါ်တွင် အခြေခံကာ ရှေးဟောင်းလူ့အဖွဲ့အစည်း အသင်းအပင်းများထက် များစွာကြံ့ခိုင်တည်ငြိမ်သော လူ့အစည်းအရုံးနှင့် မြို့ပြနိုင်ငံများ၊ အင်ပါယာများစသည်တို့ကို ကောင်းစွာ စည်းရုံးထူထောင်နိုင်ခဲ့ကြပြီကား ဖြစ်၏။

အထက်ဖော်ပြပါ လူ့အစည်းအရုံးများ၊ မြို့ပြနိုင်ငံများနှင့် အင်ပါယာတို့၏ သမိုင်းကာလအပိုင်းများက ကမ္ဘာလောကကြီးနှင့်ပတ်သက်၍ ယင်း လူ့အစည်းအရုံးဝင်များ စူးစမ်းလေ့လာခဲ့ကြသော အကြောင်းအရာများကိုမူကား ယခုအခါ သမိုင်းပညာရှင်များသည် သုတေသနပြုလုပ်နေရဆဲ အဆင့်အခြေလောက်တွင်သာ ရှိသေး၏။ ယင်းသမိုင်းကာလပိုင်းနှင့် သက်ဆိုင်သော ပစ္စည်းကြွင်း၊ ပစ္စည်းကျန်များကို ရှာရဖွေရ၊ တူးရဖော်ရဆဲ ဖြစ်၏။ စုရဆောင်းရဆဲလည်း ဖြစ်ပါ၏။ အီဂျစ်ဗေဒ၊ ဘာဘုလုံဗေဒ၊ တရုတ်ဗေဒ၊ အိန္ဒိယဗေဒ၊ ခေါမဗေဒနှင့် မာယာဗေဒစသော ပညာရပ်များသည် စမ်းတဝါးဝါးဘဝအခြေ၌သာ ရှိသေး၏။

ယင်းလူ့အစည်းအရုံးနှင့် ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းပစ္စည်းကြွင်း၊ ပစ္စည်းကျန်များကို အသိနှင့်အလိမ္မာတရား မရှိကြသော အချိန်နှင့် ဥတုတို့ကသာ ဖျက်ဆီးခြင်းပြုခဲ့ကြသည်မဟုတ်၊ အသိအလိမ္မာတရား မရှိကြသော၊ တရားရှိသည်ဆိုသော လူ၏လုံ့လပယောဂဖြင့် ပျက်စီးဆုံးပါးခဲ့ရသည်မှာလည်း အများအပြားပင် ရှိ၏။

နိုင်း(လ်)မြစ်ဝှမ်း၊ မက်ဆိုပိုတေးမီးယားမြစ်ဝှမ်းနှင့် မြေထဲပင်လယ်ဒေသ ခေတ်ဦးပိုင်းဆိုင်ရာ အရပ်ရပ်ယဉ်ကျေးမှု၏ အသီးအပွင့်နှင့် အညွန့်အဖူးများ အဘယ်မျှ ဆုံးရှုံးပျက်စီးခဲ့ရပြီနည်း။ ခေါမယဉ်ကျေးမှု၏ ကျောင်းသခ်မ်းခေတ်တွင် အလက်ဇင်ဒရီးယားပိဋကတိုက်သည် ထင်ရှားကျော်ကြားလှ၏။ ထိုပိဋကတိုက် မီးသင့်ခံရသောအခါ ကျမ်းပေါင်း အထောင်အသောင်းမက ပြာကျသွားခဲ့ရ၏။ အလားတူပင် အီဂျစ်နိုင်ငံ မင်းမိဖုရားဝတ်ကျောင်းတိုက်နှင့် ရေဝတီလူမျိုးများ၏ ဂျေရုစလင်မြို့တော် ဘုရားဝတ်ကျောင်းတိုက်များ မီးလောင်ပြာကျခဲ့စဉ်ကလည်း ရှေးဟောင်းကျမ်းစာအုပ်များ ထောင်သောင်းမက

mgyoe.com

ပျက်စီးဆုံးရှုံးသွားခဲ့ရ၏။ ခေါမယဉ်ကျေးမှု အားကောင်းခဲ့သော သမိုင်းကာလပိုင်းများက အေသင်မြို့တော် ပဋိကတ်တိုက်များတွင် သိမ်းဆည်းသိုမှီးထားသော အဖိုးထိုက်အဖိုးတန် ကျမ်းစာအုပ်များလည်း အလားတူ ပျက်စီးဆုံးပါးခဲ့ရ၏။ စပိန် ကိုလိုနီဝါဒသမားများ အမေရိကန်တိုက်များကို ကျူးကျော်ဝင်ရောက်ခဲ့ကြသော အချိန်ကာလများတုန်းကလည်း ခရစ်သာသနာ၏ အဆုံးမသြဝါဒများနှင့် ဆန့်ကျင်သည်ဆိုကာ ရှေးဟောင်းမာယာယဉ်ကျေးမှုနှင့် သက်ဆိုင်သော အရပ်ရပ်ပစ္စည်းများကို ကာတိုလစ်ဘုန်းတော်ကြီး လန်ဒါး၏အမိန့်ဖြင့် မီးတိုက်ဖျက်ဆီးခြင်းပြုခဲ့သည် မဟုတ်သလော။

ဤသို့ အချိန်၊ ဥတုနှင့် လူတို့၏ပယောဂများကြောင့် ပျက်ဆီးဆုံးပါးသွားရသော ရှေးဟောင်းယဉ်ကျေးမှုပစ္စည်း အများအပြားအပြင် ယခုတိုင် အနက်ဖွင့်ဆိုခြင်း မပြုရသေး၊ မပြုနိုင်သေးသော ပစ္စည်းများနှင့် မြေလှန်ခြင်းပင် မပြုရသေးသော ပစ္စည်းများလည်း ရှိ၏။ အိန္ဒိယတိုက်ငယ်၊ အိန္ဒုမြစ်ဝှမ်းရှိ မိုဟန်ဂျိုဒါရိုနှင့် ယာရာပမြို့ပြနိုင်ငံများမှ မြေလှန်ထားသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပညာရှင်များသည် ယနေ့တိုင် ကိုင်တွယ်ရှင်းလင်းခြင်း မပြုသေးပေ။ အချို့သော ရှေးဟောင်းပစ္စည်းများသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် များစွာခက်ခဲပင်ပန်း၏။ သက်ဆိုင်ရာ ပညာရှင်များအတွင်း ယခုတိုင် အဆုံးအဖြတ်မချနိုင်သေးဘဲ အငြင်းပွားနေရဆဲကိစ္စများ အမြောက်အမြားရှိ၏။ ဥပမာတစ်ရပ်အနေဖြင့် ပြောကြားရလျှင် အမေရိကန်တိုက်အလယ်ပိုင်းမှ မာယာယဉ်ကျေးမှု၏ပစ္စည်းကြွင်း၊ ပစ္စည်းကျန်များဖြစ်သော ဧရာမကျောက်စိုင်ကျောက်တုံးကြီးများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပညာရှင်များအတွင်း အငြင်းပွားကောင်းတုန်း ဖြစ်သည်မဟုတ်သလော။

ယခုအခါ စုဆောင်းရရှိထားပြီးဖြစ်သော ရှေးဟောင်း ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းကြွင်း၊ ပစ္စည်းကျန်များနှင့်ပတ်သက်၍ တတ်နိုင်သမျှ အနီးစပ်ဆုံးအဓိပ္ပာယ်ကို ဖော်ထုတ်ခြင်းပြုကြရာ၌ သက်ဆိုင်ရာပညာရှင်များသည် အကျပ်အတည်းနှင့် ပြဿနာများ မကြာမကြာ တွေ့ကြရ၏။ ရှေးလူဟောင်းများသည် သူတို့၏အမှတ်သညာများ၊ သူတို့၏သင်္ကေတများစသည်တို့ဖြင့် ကမ္ဘာလောကကြီးနှင့် ပတ်သက်၍ သူတို့၏ စမ်းသပ်လေ့လာမှုများ၊ တွေ့ရှိချက်များနှင့် အမြင်များကို ဖော်ပြတတ်ကြရာ၌ နှောင်းလူများအတွက် မှော်အတတ်ပညာနှင့် သိပ္ပံအတတ်ပညာရပ်များသည် လည်းကောင်း၊ စကြဝဠာဗေဒနှင့် ဒဏ္ဍာရီပုံပြင်များလည်းကောင်း၊ အဘိဓမ္မာနှင့် ကဗျာ စသည်တို့သည်လည်းကောင်း ရောထွေးလျက်ရှိကြ၏။ မရှင်းမလင်းနှင့် မကွဲမပြား ဖြစ်နေကြရ၏။ ထို့ကြောင့် ရှေးလွန်လေပြီသော နှစ်ပေါင်း ၅,၀၀၀ အထက်ကျော်ကာရီနှင့် နှစ်ပေါင်း ၂၅၀၀ တို့အကြား သမိုင်းကာလများအတွင်း ကမ္ဘာမြေကြီး၏ အရပ်နေရာ အနှံ့အပြားတွင် ပေါ်ထွန်းခဲ့ကြသော လူ့အစည်းအရုံး၊ မြို့ပြနိုင်ငံနှင့် အင်ပါယာများဆိုင်ရာ ရှေးလူဟောင်းတို့၏ ကမ္ဘာလောက

mgyoe.com
ကြီးနှင့်ပတ်သက်သော အမြင်နှင့်ပညာရပ်များကို စုဆောင်းရရှိထားသော အချက်အလက်ကလေးများဖြင့် ရက်ရှယ်၍ အကြမ်းဖျင်း ရုပ်လုံးဖော်ကြည့်ရှုရသော အလုပ်သည် နှစ်အပေါင်းနှစ် ညီမျှခြင်း လေးဟု ခပ်လွယ်လွယ် တွက်ချက်ပြောဆိုနိုင်သော ကိစ္စမဟုတ်ပေ။ အလွန်တရာ သိမ်မွေ့သော၊ နူးညံ့သော အမှုကိစ္စဖြစ်၏။

လူသတ္တဝါ၏ အသိအလိမ္မာတရား ဖြစ်ပေါ်တိုးတက်မှု အစဉ်သည် နှစ်ထောင်ပေါင်းများစွာချီရသော အစဉ်ဖြစ်၏။ အလွန်တရာ နှေးကွေးလေးလံခြင်း ရှိသကဲ့သို့ ပင်ပန်းခြင်းလည်း ကြီး၏။ အသိအလိမ္မာတရား၏လမ်းခရီးသည် ဖြောင့်ဖြူးညီညာသော လမ်း ခရီးမဟုတ်၊ အကွေ့အကောက်များပြားသကဲ့သို့ အဆင်းအတက်လည်း အားကြီး၏။ တစ်ခါတစ်ခါ မျှော်လင့်ခြင်း မပြုနိုင်လောက်သော တံတောင်ဆစ် အကွေ့အချိုးကြီးများနှင့် ဘွားခနဲ ကြုံရသလို တစ်ခါတစ်ခါတွင်လည်း မြင့်မားသီခေါင်သော တောင်ထွတ်ကြီးများကို ဖြတ်ကျော်ရ၏။ လူသတ္တဝါသည် မပျင်းမရိ မညည်းမညူ သွားလာဖြတ်ကျော်ခဲ့နိုင်သော အတက်အဆင်းပေါင်း မြောက်မြားစွာကို ကျော်လွှားလွန်မြောက်လာနိုင်ခဲ့ခြင်းလည်း ဖြစ်၏။ သညာသိအဆင့်အခြေမှ အလိမ္မာသိလမ်းမကြီးပေါ်သို့ လူ့အနွယ်ဝင်များတက် လှမ်းခြင်းပြုခါစက စမ်းတဝါးဝါးနှင့် ခနော်ခနဲ့ဖြစ်၏။ တစ်ဆစ်ချိုးအလှည့်အပြောင်းကို ဖြတ်သန်းကျော်လွှားရခြင်းဖြစ်၍ မကြာမကြာ လဲပြို၏။ သို့ရာတွင် လူသားသည် ယင်းသို့ အကြိမ်ကြိမ်လဲပြိုရာမှ အကြိမ်ကြိမ်ကုန်းကွ၍ထ၏။ ဖွဲကောင်းကောင်းနှင့် လျှောက်မြဲလျှောက်၏။ ဤသို့ဖြင့် လူသတ္တဝါ၏ အသိအလိမ္မာတရား အဆင့်ဆင့်ဖြစ်ပေါ်တိုးတက်ခဲ့သော အစဉ်သည် နှစ်ထောင်ပေါင်းများစွာ ဖြတ်သန်းကျော်လွှားလာခဲ့ပြီးလေပြီ။

လူ့အနွယ်ဝင်များ၏ ဘိုးဘေးတို့သည် ခက်ခဲပင်ပန်းခြင်းအပေါင်းတို့ကို လွန်သော အသိအလိမ္မာတရား လမ်းမကြီးပေါ်သို့ ခုန်ပျံတက်လှမ်းခြင်းပြုဖို့ အရေးအတွက် စွမ်းပကား မထုတ်နိုင်ခဲ့လျှင်၊ ယင်းအသိအလိမ္မာတရား၏လမ်းမကြီးတစ်လျှောက်ရှိ တစ်ဆစ် ချိုးများနှင့် အတက်အဆင်းများကို ဖွဲကောင်းကောင်းဖြင့် ဖြတ်သန်းကျော်လွှားခြင်းမပြုနိုင်ခဲ့လျှင် ၎င်းတို့၏သားမြေးများသည် ယခုကဲ့သို့ အသိတရားအလိမ္မာတရားနှင့် စွမ်း ပကားများ ရရှိနိုင်ကြလိမ့်မည်ကား မဟုတ်ပေ။ ၎င်းတို့၏ သားချင်းများဖြစ်ကြသော မျောက်ဝံကြီးများနှင့်မခြား သဘာဝအရိုင်း၏ အစစ်အဆေး အရွေးချယ်ခံဘဝနှင့်သာ ဝဲလှည့်နေကြရလိမ့်မည် ဖြစ်ရာ၏။

mgyoe.com

mgyoe.com

# (၄) စံတော်ဝင်ခေတ်သဘာဝအဘိဓမ္မာနှင့် သဘာဝသိပ္ပံ

We men have a slice of the universe for us to investigate, we penetrate its depths in many way, we probe it with our actions, our science, poetry, love religion and they require different methods of measuring the world.

Karel Capek
(From the Meteor)

The existence of techniques, which go right back to the palaeolithic age, shows that there exist in the most primitive thought traces of scientific spirit.

Felix Sartiaux

**၁။ စံတော်ဝင်ခေတ် လူ့အစည်းအရုံးများ**

ရှေးလွန်လေပြီးသော နှစ်ပေါင်း ၅၀၀၀ နှင့် အထက်ကျော်ကာရှိ ပတ်ဝန်းကျင်လောကက အာဖရိကတိုက် မြောက်ပိုင်း နိုင်း(လ်)မြစ်ဝှမ်း အရပ်ဒေသများတစ်ဝိုက်တွင် များစွာဖွံ့ဖြိုးခိုင်ခံ့သော လူ့အစည်းအရုံး၊ မြို့ပြနိုင်ငံနှင့် အင်ပါယာများ ပေါ်ထွန်းခဲ့၏။ ယင်းလူ့အဖွဲ့အစည်းသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးစသော စီးပွားရေးဘဝများဖြင့် ရာစုနှစ်ပေါင်းများစွာ တည်တံ့ခဲ့၏။ တန်ခိုးတော‌ဇာကြီးမားခဲ့၏။ အချို့သော သမိုင်းပညာရှင်များနှင့် အီဂျစ်ဗေဒပညာရှင်များက နိုင်း(လ်)မြစ်ဝှမ်း

mgyoe.com

mgyoe.com
လူ့အစည်းအရုံးနှင့် ယဉ်ကျေးမှုများ ပေါ်ထွန်းခဲ့သည်မှာ နှစ်ပေါင်း ၇၀၀၀ ခန့်မျှလောက် ရှိတန်ရာသည်ဟု ခန့်မှန်းပြောဆိုလျက် ရှိကြ၏။

ယင်းသို့ လူ့အနွယ်ကြီး၏ အထွေထွေဖြစ်ပေါ်တိုးတက်မှု သမိုင်းစဉ်တွင် ခိုင်ခံ့တည်ငြိမ်သော လူ့အစည်းအရုံးနှင့် မြို့ပြတိုင်းပြည်များ ထူထောင်ခြင်းပြုကြရာ၌ ရှေးအကျဆုံး ဖြစ်တန်ရာသည်ဟု ယူဆကြရသော နိုင်း(လ်)မြစ်ဝှမ်း လူ့အစည်းအရုံးဝင်များ သူတို့ခေတ်နှင့် သူတို့အခါအလျောက် သူတို့၏ အသိတရား၊ အလိမ္မာတရားများဖြင့် ထူထောင်ခြင်းပြုခဲ့ကြသော အာဒိကပ္ပ၊ နက္ခတ္တဗေဒ၊ စကြဝဠာဗေဒနှင့် ဆေးသိပ္ပံစသော အတတ်ပညာရပ်များ ရှိ၏။ ယင်းသမိုင်းကာလ ယဉ်ကျေးမှုနှင့်သက်ဆိုင်သော ပစ္စည်းကြွင်း၊ ပစ္စည်းကျန်များ စုဆောင်းရရှိထားသလောက်ကို လေ့လာကြည့်ရှုသောအခါ နိုင်း(လ်)မြစ်ဝှမ်း လူ့အစည်းအရုံး၏ အာဒိကပ္ပ၊ နက္ခတ္တဗေဒနှင့် စကြဝဠာဗေဒပညာရပ်များသည် ရှေးဟောင်းဝတ်ပြုကိုးကွယ်ရေးဆိုင်ရာ နတ်ဘုရားဗေဒနှင့် ဒဏ္ဍာရီပုံပြင်များနှင့်လည်းကောင်း၊ မှော်အတတ်ပညာရပ်စသည်တို့နှင့်လည်းကောင်း ရောထွေးယှက်တင်လျက် ရှိနေသေး သည်ကိုသာ တွေ့ရှိရ၏။

နိုင်း(လ်)မြစ်ဝှမ်း လူ့အစည်းအရုံးဝင်များသည် လူနှင့် ဗဟိဒ္ဓကမ္ဘာလောကကြီးတို့၏အဆက်အစပ် အပိုင်းအခြားနှင့် ပတ်သက်၍ ကောင်းစွာ ကွဲပြားခြားနားခြင်းသော်လည်းကောင်း၊ ပိုင်းခြားခြင်းသော်လည်းကောင်း မရှိကြသေးပေ။ ယခင် ရှေးဟောင်းလူ့အစည်းအရုံးဝင်များနည်းတူ ဘူးလုံး နားမထွင်းရှိနေဆဲမှုသာ ရှိနေသေးသည်ကို တွေ့ရ၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ ပတ်ဝန်းကျင်သဘာဝ အရိုင်းပြင်တွင် တွေ့ကြုံရင်ဆိုင်နေရသော သက်မဲ့သဘာဝအင်အားစုများကို သက်ရှိသတ္တဝါများကဲ့သို့လည်းကောင်း၊ မိမိတို့ကဲ့သို့ အသိအလိမ္မာတရားရှိသော သတ္တဝါများကဲ့သို့လည်းကောင်း၊ တန်ခိုးကြီးသတ္တဝါများကဲ့သို့လည်းကောင်း ထင်မှတ်ဆက်ဆံလျက် ရှိနေကြခြင်းများကို အထင်အရှား တွေ့ရှိမြဲ တွေ့ရှိနေရသေးသောကြောင့်ပင် ဖြစ်၏။

နိုင်း(လ်)မြစ်ဝှမ်း လူ့အစည်းအရုံးနှင့် ခေတ်ပြိုင်ဟုဆိုနိုင်သော လူ့အစည်းအရုံး မြို့ပြနိုင်ငံနှင့် အင်ပါယာများသည်လည်း မက်ဆိုပိုတေးမီးယားခေါ် မြစ်နှစ်သွယ် မြစ်ဝှမ်းအရပ်ဒေသများ ပတ်ဝန်းကျင်တွင် ပေါ်ထွန်းခဲ့၏။ နိုင်း(လ်)မြစ်ဝှမ်းအလားတူပင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးစသော စီးပွားရေးဘဝဖြင့် ဖွံ့ဖြိုးအားကောင်းခဲ့ကြသော လူ့အစည်းအရုံးနှင့် မြို့ပြတိုင်းနိုင်ငံများ ဖြစ်၏။ အား(ရ်)၊ နီပါ၊ ဘာလုလုံ၊ နင်းရပ်နှင့် နီနေဗေတို့သည် ထင်ရှားသော မြို့ပြနိုင်ငံများဖြစ်ကြ၏။ ဆူမေးရီးယား၊ ဘာဘုလုံ၊ အစီးရီးယား၊ ချော်(လ်)ဒီ၊ ဟစ်တိုက်နှင့် ရေဝတီစသော လူမျိုးများသည် ဖွံ့ဖြိုးအားကောင်းသော လူမျိုးများ ဖြစ်ကြ၏။

မြစ်နှစ်သွယ် မြစ်ဝှမ်းအရပ်ဒေသများတစ်ဝိုက်တွင် ရာစုနှစ်ပေါင်းများစွာ တန်ခိုး
mgyoe.com

mgyee.com
တောဇာကြီးမားခဲ့သော ယင်း လူ့အစည်းအရုံးဝင်များသည်လည်း သူတို့ခေတ်နှင့် သူတို့အခါ အလျောက် သူတို့၏ အသိအလိမ္မာတရားများဖြင့် ထူထောင်ခြင်းပြုခဲ့ကြသော အာဒိကပ္ပ၊ နက္ခတ္တဗေဒ၊ စကြဝဠာဗေဒနှင့် ဆေးသိပ္ပံစသော အတတ်ပညာရပ်များဖြင့် ကောင်းစွာ ကြွယ်ဝ၏။ ယင်းမြစ်ဝှမ်း လူ့အစည်းအရုံးများ၏ ပစ္စည်းကြွင်း၊ ပစ္စည်းကျန်များကို လေ့ လာကြည့်ရှုသောအခါ၌လည်း နိုင်း(လ်)မြစ်ဝှမ်းယဉ်ကျေးမှုနှင့် ပိန်မသာလိမ်မသာမျှသာ ဖြစ်သည်ကို တွေ့ရှိရ၏။ ကုန်ကုန်ပြောရလျှင် နိုင်း(လ်)နှင့် မြစ်နှစ်သွယ်မြစ်ဝှမ်းများ၏ သမိုင်းဖြစ်ပေါ်တိုးတက်မှု အစဉ်တွင် နောက်အကျဆုံးဖြစ်သော ရေဝတီတို့သည်ပင် ယင်း အနှောင်အဖွဲ့နှင့် ဩဇာစက်ဝန်းများအတွင်းမှ ရုန်းထွက်ခြင်း မပြုနိုင်ကြသေးပေ။ ဝဲလှည့် လျက်သာ ရှိနေသည်ကိုသာ တွေ့ရ၏။

လွန်လေပြီးသော နှစ်ပေါင်း ၅၀၀၀ ပတ်ဝန်းကျင်လောက်က နိုင်း(လ်)နှင့် မြစ် နှစ်သွယ်မြစ်ဝှမ်းများတစ်ဝိုက်တွင် ပေါ်ထွန်းခဲ့သော လူ့အစည်းအရုံးများ၊ မြို့ပြနိုင်ငံများနှင့် အင်ပါယာများထက် ရာစုနှစ်ပေါင်းများစွာ နောက်ကျသော လူ့အစည်းအရုံးများနှင့် တိုင်း နိုင်ငံများလည်း တရုတ်တိုက်ငယ် မြစ်ဝါမြစ်ဝှမ်း၊ အိန္ဒိယတိုက်ငယ် ဂင်္ဂါမြစ်ဝှမ်းနှင့်၊ အာရှ၊ အာဖရိကနှင့် ဥရောပတိုက်ကြီး သုံးတိုက်တို့၏ သုံးမြေဆိုင်ရာ မြေထဲပင်လယ် အရပ်ဒေသများတစ်ဝိုက်တွင် အလားတူ စီးပွားရေးဘဝများကို အခြေခံကာ ပေါ်ထွန်းခဲ့ကြ ၏။ ယင်းလူ့အစည်းအရုံးနှင့် ယဉ်ကျေးမှုများထက် ရာစုနှစ် အနည်းငယ်နောက်ကျ၍ အမေရိကတိုက် အလယ်ပိုင်းအရပ်ဒေသများတွင် ပေါ်ထွန်းခဲ့သည့် လူ့အစည်းအရုံးနှင့် တိုင်းနိုင်ငံများလည်း ရှိသေး၏။

တရုတ်တိုက်ငယ် မြစ်ဝါမြစ်ဝှမ်းတစ်ဝိုက်တွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ နှင့် ၂၅၀၀–၃၀၀၀ ခန့်အကြား အခြေချခဲ့ကြသော လူ့အနွယ်ဝင်များသည် ရာစုနှစ် အနည်းငယ် ခန့်အတွင်း တရုတ်တိုက်ငယ်တစ်ခုလုံး ပျံ့နှံ့သွား၏။ အလားတူပင် ယင်းသမိုင်းကာလ ပိုင်းများအတွင်း အိန္ဒိယတိုက်ငယ် ဂင်္ဂါမြစ်ဝှမ်းတစ်ဝိုက်တွင် ကောင်းစွာ အခြေစိုက်ခဲ့ကြ သော အရိယာလူမျိုးများသည်လည်း ရာစုနှစ် အနည်းငယ်ခန့်အတွင်း အိန္ဒိယတိုက်ငယ်မျှ သာ မဟုတ်တော့ဘဲ အာရှအရှေ့တောင်ပိုင်း ဒေသများကိုပါ လွှမ်းမိုးနိုင်ခဲ့ကြ၏။ မြေထဲ ပင်လယ်ဒေသများတွင်လည်း ဖိုနီးရှင်းနှင့် ပါရှင်းများနောက်ပိုင်း အင်အားဖွံ့ဖြိုးလာခဲ့ သော ခေါမတို့သည် မြေထဲပင်လယ် ဒေသတစ်ဝိုက်လောက်သာ မဟုတ်တော့ဘဲ အာရှနှင့် အာဖရိကတိုက်များကိုပင် လွှမ်းမိုးကြီးစိုးခဲ့ကြ၏။ အမေရိကတိုက်အလယ်ပိုင်းတွင် အားကောင်းခဲ့ကြသော ယဉ်ကျေးမှုသည် မာယာလူမျိုးများ၏ ယဉ်ကျေးမှုပင် ဖြစ်၏။ မာယာလူမျိုးများ၏ဩဇာသည် အမေရိကတိုက် တောင်ပိုင်းဒေသများသို့ ပျံ့နှံ့သွား၏။

နိုင်း(လ်)နှင့် မြစ်နှစ်သွယ် မြစ်ဝှမ်းအရပ်ဒေသများတွင် ပေါ်ထွန်းအားကောင်းသော လူ့အစည်းအရုံး၊ မြို့ပြနိုင်ငံနှင့် အင်ပါယာများမှ လူ့အနွယ်ဝင်များအလားတူ မြစ်ဝါ၊
mgyee.com

mgyoe.com
ဂင်္ဂါ၊ မြေထဲပင်လယ်နှင့် အမေရိကန်အလယ်ပိုင်း အရပ်ဒေသများတွင် ပေါ်ထွန်းပျံ့နှံ့ခဲ့ကြသော လူ့အစည်းအရုံးဝင်များသည်လည်း သူတို့ခေတ် သူတို့အခါအလျောက် သူတို့၏ အသိ အလိမ္မာတရားဖြင့် ထူထောင်ခဲ့ကြသော အာဒိကပ္ပ၊ နက္ခတ္တဗေဒ၊ စကြဝဠာဗေဒနှင့် ဆေးသိပ္ပံအစရှိသော အတတ်ပညာရှိကြ၏။ ဖွံ့ဖြိုးကြွယ်ဝ၍ ဘက်စုံအားကောင်း၏။ သို့ရာတွင် ယင်းလူ့အစည်းအရုံးဝင်များသည်လည်း အထက်ဖော်ပြပါ နောင်တော့်နောင်တော် လူ့အစည်းအရုံးဝင်များထက် စီးပွားရေးဘဝတွင် များစွာဖွံ့ဖြိုးသာလွန်ခြင်း မရှိသေးရကား လူနှင့် ဗဟိဒ္ဓကမ္ဘာလောကကြီး၏ အဆက်အစပ်နှင့် အပိုင်းအခြား ပြဿနာရပ်များနှင့် ပတ်သက်၍ ကောင်းစွာ ကွဲပြားခြားနားခြင်းသော်လည်းကောင်း၊ ပီပြင်ကြည်လင်ခြင်းသော်လည်းကောင်း မရှိကြသေးသည်ကိုသာတွေ့ရ၏။ သူတို့၏ နောင်တော့်နောင်တော်များနှင့် အလားတူ ပတ်ဝန်းကျင်သဘာဝအရိုင်းပြင်တွင် မလွှဲမရှောင်သာ တွေ့ကြုံဆက်ဆံခြင်းပြုကြရသော သဘာဝအင်အားစုများကို သက်ရှိသတ္တဝါများကဲ့သို့လည်းကောင်း၊ အသိအလိမ္မာတရားရှိသော သတ္တဝါများကဲ့သို့လည်းကောင်း၊ တန်ခိုးကြီးသတ္တဝါများကဲ့သို့လည်းကောင်း ထင်မှတ်ဆက်ဆံဆက်ဖြ ဆက်ဆံလျက် ရှိနေကြသေးသည်ကိုလည်း တွေ့ရှိကြရ၏။ ထို့ကြောင့် ယင်းလူ့အစည်းအရုံးဝင်များ ထူထောင်ခဲ့ကြသော အာဒိကပ္ပ၊ နက္ခတ္တဗေဒနှင့် စကြဝဠာဗေဒအစရှိသော ရှေးဟောင်းသိပ္ပံပညာရပ်များသည် နောင်တော့်နောင်တော်များနှင့် များစွာထူးခြားသာလွန်လှခြင်း မရှိသေးသည်ကိုသာ တွေ့ရ၏။ ပိန်မသာ လိမ်မသာမျှသာ ဖြစ်သည်ဟုသာ ပြောဆိုရမည် ဖြစ်၏။

သို့ရာတွင် မြစ်ဝါ၊ ဂင်္ဂါနှင့် မြေထဲပင်လယ်ဒေသဆိုင်ရာ လူ့အစည်းအရုံးဝင်များသည် သူတို့ထက်ကြီးရင့်သော နိုင်း(လ်)နှင့် မြစ်နှစ်သွယ် မြစ်ဝှမ်းဆိုင်ရာ လူ့အစည်းအရုံးဝင်များ၏ ပခုံးထက်သို့ တက်ရောက်ကြည့်ရှုခွင့်ရရှိလိုက်ကြသူများ ဖြစ်၏။ ထို့ကြောင့် သူတို့၏ မိုးကုပ်စက်ဝိုင်းသည် သူတို့၏နောင်တော့်နောင်တော်များထက် ဝေးလံကျယ်ဝန်းခြင်း ရှိလိမ့်မည်သာဖြစ်၏။ နက်ရှိုင်းရလိမ့်မည်လည်း ဖြစ်၏။ အရင့်လူထက် နောက်လူသာရိုးဆိုသော စကားလည်း ရှိ၏။ ထို့ကြောင့် သက်မဲ့ကို သက်ရှိအဖြစ်လည်းကောင်း၊ အသိအလိမ္မာတရားမရှိသော အရာဝတ္ထုကို အသိအလိမ္မာတရားရှိသော အရာဝတ္ထုအဖြစ်ဖြင့်လည်းကောင်း ထင်မှတ်ဆက်ဆံခဲ့ကြသော နောင်တော့်နောင်တော်များ၏ အစဉ်အလာနှင့် အမူအကျင့်များကို ရိုက်ချိုးပယ်လှန်ခြင်းပြုရန်အတွက် အားသစ်သော လှုပ်ရှားမှုများနှင့် လှုပ်ရှားမှုများကို လူ့အဖွဲ့၏ အသိအလိမ္မာတရား ဖြစ်ပေါ်တိုးတက်မှု သမိုင်းစဉ်အတွင်း ပထမဦးဆုံးအကြိမ် ယင်းလူ့အစည်းအရုံးများတွင် စတင်တွေ့ရှိလာခြင်း ဖြစ်တန်ရာ၏။
mgyoe.com